# လူ့အခွင့်အရေးမှတ်တမ်းပြုခြင်း
# သင်တန်းဆရာလက်စွဲ

Network for Human Rights Documentation - Burma
ND - Burma

# လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) အကြောင်း

မြန်မာနိုင်ငံ လူ့အခွင့်အရေးအဖွဲ့များ လူ့အခွင့်အရေး မှတ်တမ်းပြုခြင်းလုပ်ငန်းတွင် ပူးပေါင်းဆောင်ရွက်ရေးအတွက် နည်းလမ်းတရပ် ဖြည့်ဆည်းပေးသော အားဖြင့် (၂၀၀၄) ခုနှစ်တွင် လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) ကို ဖွဲ့စည်းခဲ့ခြင်း ဖြစ်ပါသည်။

ကွန်ရက်၏အဖွဲ့ဝင်များသည် မြန်မာနိုင်ငံရှိ လူမှုအသိုင်းအဝိုင်းများတွင် မည်သို့သော ဒုက္ခဝေဒနာများ ခံစားနေရပုံအကြောင်း အဖြစ်မှန် အမှန်တရားကို စုပေါင်းအသုံးပြုကာ၊ လောလောဆယ် စည်းရုံးတိုက်တွန်းတင်ပြခြင်း နည်းလမ်းဖြင့် စစ်အစိုးရ၏အာဏာကို စုပေါင်း စိန်ခေါ်ရန် ကြိုးစားနေကြပါသည်။

ထို့အပြင် နိုင်ငံရေး အသွင်ကူးပြောင်းရေးကာလတွင် တရားမျှတမှုနှင့် တာဝန်သိမှုရှိသော လုပ်ဆောင်ချက် အစီအစဉ်များအတွက် လည်း ကြိုတင်ပြင်ဆင်ထားရန် ကြိုးစားနေပါသည်။

Benetech မှ တီထွင်ထားသော လွတ်လပ်စွာ အခမဲ့သုံးနိုင်သော Open-Source Software ကို အသုံးပြုလျက် အဖွဲ့ဝင်များပေးသော သတင်းအချက်အလက်များကို ညှိနှိုင်းပြီး၊ ဘုံအချက်အလက်ဘဏ်မှာ ထည့်သွင်းပါသည်။ ထို့အပြင် ပူးတွဲ အစီရင်ခံတင်ပြခြင်းနှင့် စည်းရုံးလှုံ့ဆော် တိုက်တွန်းခြင်း လှုပ်ရှားမှုများကိုလည်း ဆောင်ရွက်ပါသည်။ အခွင့်သင့်ပါက မိမိ၏လုပ်ငန်း နယ်ပယ်မှန်သမျှတွင် အခြားသော လူ့အခွင့်အရေးအဖွဲ့များနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက် ရှိပါသည်။

မျှော်မှန်းချက် – ငြိမ်းချမ်း၍ ဒီမိုကရေစီ ထွန်းကားသော မြန်မာနိုင်ငံအဖြစ်သို့ အသွင်ကူးပြောင်းရေးတွင် အမှန်တရားနှင့် တရားမျှတမှုကို ရှာဖွေဖော်ထုတ်နိုင်ရန်။

ရည်ရွယ်ချက် – လူ့အခွင့်အရေးချိုးဖောက်မှုများ စုဆောင်းမှတ်တမ်းတင်ထားသော ဒေတာဘေ့စ်တရပ် ပေါ်ထွက်လာစေရေးအတွက် စုပေါင်း ဆောင်ရွက်ကြရန်။

ရေတိုရည်ရွယ်ချက် ပန်းတိုင် – ကွန်ရက်၏ အဖွဲ့ဝင်များနှင့် အခြားစည်းရုံးတိုက်တွန်းနေ ကြသည့်အဖွဲ့များအတွက် အရည်အသွေးမြင့် ၍ အရေအတွက်များသော လူ့အခွင့်အရေး ချိုးဖောက်မှုဆိုင်ရာအချက်အလက်များ ရရှိနိုင်စေရန်။

ရေရှည်ရည်ရွယ်ချက် ပန်းတိုင် – တိကျသောသမိုင်းမှတ်တမ်းအဖြစ် ဖွံ့ဖြိုးလာစေရန်နှင့် အနာဂတ် ဒီမိုကရေစီမြန်မာနိုင်ငံတွင် ဤမှတ်တမ်းများမှ ဆွဲထုတ်အသုံးပြုနိုင်သော အသွင်ကူးပြောင်းရေးဆိုင်ရာတရားမျှတမှုလုပ်ငန်းစဉ်များ ထွက်ပေါ်လာစေရန်။

မြန်မာနိုင်ငံတွင်ဖြစ်ပွားသော လူ့အခွင့်အရေး ချိုးဖောက်မှုအမျိုးအစားများကား များပြားလှသည်ဖြစ်ရာ ကွန်ရက်၏ အဖွဲ့ဝင်အသီးသီး သည် မိမိတို့၏ သတ်မှတ်ထားသော တာဝန်နှင့် အထူးသက်ဆိုင်သော လူ့အခွင့်အရေး ချိုးဖောက်မှုများကိုသာ အာရုံစိုက်မှတ်တမ်း တင်ကြပါသည်။

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | မာတိကာ | |
| ၂ | ကျေးဇူးတင်လွှာ | |
| ၃ | **လူ့အခွင့်အရေး သင်ခန်းစာ** | ၅ |
| | လူ့အခွင့်အရေး အပိုဒ် ၃၀ (က) | ၁၁ |
| | လူ့အခွင့်အရေး အပိုဒ် ၃၀ (ခ) | ၁၉ |
| | လူ့အခွင့်အရေးသမိုင်းကြောင်း | ၂၅ |
| ၄ | **အသွင်ကူးပြောင်းရေးဆိုင်ရာတရားမျှတမှု** | ၃၁ |
| | အသွင်ကူးပြောင်းရေးဆိုင်ရာတရားမျှတမှု အခြေခံအယူအဆများ (၁) | ၃၅ |
| | အသွင်ကူးပြောင်းရေးဆိုင်ရာတရားမျှတမှု အခြေခံအယူအဆများ (၂) | ၄၅ |
| | အသွင်ကူးပြောင်းရေးဆိုင်ရာတရားမျှတမှု အခြေခံအယူအဆများ (၃) | ၄၉ |
| | အမှုမှန် (အမှန်တရား) ပေါ်ပေါက်ရေး ဘာကြောင့်အရေးကြီးသလဲ | ၅၃ |
| | မြန်မာနိုင်ငံနှင့် အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှု အလားအလာများ | ၅၉ |
| ၅ | **မှတ်တမ်းကောက်ယူခြင်း** | ၆၅ |
| | အင်တာဗျူး | ၇၃ |
| | မှတ်တမ်းကောက်ယူခြင်း (Top 17 List) | ၇၇ |




# ကျေးဇူးတင်လွှာ


## ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| ထုတ်ဝေသူ | လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) |
| ထုတ်ဝေသည့်ခုနှစ် | ဇွန်၊ ၂၀၁၄ |
| ဆက်သွယ်ရန်လိပ်စာ | PO Box 67, CMU Post Office, Chiang Mai, Thailand, 50202 |
| အင်တာနက်လိပ်စာ | www.nd-burma.org |

# အခန်း (၁)

# လူ့အခွင့်အရေးသင်ခန်းစာ



လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ
DEMOCRATIC PARTY FOR A NEW SOCIETY (DPNS)
မှတ်တမ်းမှသည် အမှန်တရားနှင့်
ပြန်လည်သင့်မြတ်ရေးဆီသို့

# Introduction (1 hour)

Team Building

- သင်တန်းစီစဉ်သူမှ အဖွင့်စကားပြောကြားခြင်း
- သင်တန်းစီစဉ်သူမှ သင်တန်း၏ ရည်ရွယ်ချက်ကို ရှင်းပြခြင်း

အပြန်အလှန်မိတ်ဆက်ခြင်း

- အမည်၊ အဖွဲ့အစည်း၊ နေရပ် (တစ်ယောက်နှင့် တစ်ယောက်မှတ်မိရန်အတွက် မိမိအမည်၊ အဖွဲ့အစည်း၊ နေရပ်တို့ ပြောပြီး ကြိုက်နှစ်သက်ရာအမူအယာတစ်ခုအား လုပ်ပြရန်၊ တခြားသူများကလည်း စပြီးလုပ်တဲ့ သူမှစ၍ ကြားထဲတွင် ရှိသော သူများ၏ လုပ်ဆောင်ချက်အတိုင်း ပြုလုပ်ခြင်းဖြင့် မှတ်မိလာစေရန် မိတ်ဆက်ခြင်း)
- ထိရောက်အောင်မြင်သော သင်တန်းတစ်ခုဖြစ်မြောက်ရန်အတွက် လိုအပ်သော စည်းမျဉ်းစည်းကမ်းများအား သင်တန်းသားများနှင့် ဝိုင်းဝန်းချမှတ်ရန်နှင့် သင်တန်းပြီးဆုံးသည်အထိ ၎င်းစည်းကမ်းများအား လိုက်နာရန် ပြောကြားနားလည်မှု ယူရန်)
- အုပ်စု (၃) စုဖွဲ့ပေးပြီး ၎င်းတို့အဖွဲ့ (၃) ဖွဲ့မှ မိမိတို့အဖွဲ့ကို သူများမသိအောင် အမည်ပေးပြီး တစ်ခြား အဖွဲ့ကို သရုပ်ဆောင်ပြ၍ အဖွဲ့အမည်ကို ခန့်မှန်းဖော်ပြီးနောက် ၎င်းအဖွဲ့ (၃) ဖွဲ့ကို Time Keeper, House Keeping နှင့် Recap လုပ်ဆောင်မှုများအတွက် တာဝန်များခွဲဝေပေးရန်

Tea Break ( 15 minute)

# လူ့အခွင့်အရေးသင်ခန်းစာ(၁)

## လူ့အခွင့်အရေး အဓိပ္ပါယ်

ရည်ရွယ်ချက်

- လူ့ဂုဏ်သိက္ခာနှင့် လူအခွင့်အရေးဆက်စပ်ပုံကို နားလည်သိရှိရန်
- လူ့အခွင့်အရေး အခြေခံ (၄) ချက်ကို သိရှိစေရန်
- ကုလသမဂ္ဂ၏ လူအခွင့်အရေး အဓိပ္ပါယ်ဖွင့်ဆိုချက်ကို သိစေဖို့ရန်
- လူ့အခွင့်အရေးနှင့်ပတ်သက်သည့် သဘောသဘာဝကို အဓိပ္ပါယ်ဖွင့်ဆို တတ်လာစေရန်

လှုပ်ရှားမှု (Activity) ၄၅ မိနစ်

(၁) သင်ပုန်းပေါ်တွင် စက်ဝိုင်းပုံဆွဲပါ။ သင်တန်းသားတွေကို အရောင်မတူသော စာရွက်နှစ်ရွက်စီ ဝေပါ။
(၂) ပထမစာရွက်တွင်
(၃) လူတွေမှာထူးခြားသည့် အမူအကျင့်၊ စိတ်ထားတွေ ဘယ်လိုရှိလဲ။
(၄) ကိုယ့်ကို လူလို့ ဘာကြောင့် သတ်မှတ်တာလဲ။
(၅) လူမှာ ဘာထူးခြားချက်လို့ လူလို့ သတ်မှတ်တာလဲ
(၆) လူတွေနှင့် တိရိစ္ဆာန်တွေကြားမှာ မတူတာ ဘာရှိလဲ။
(၇) ထိုစာရွက်များကို စက်ဝိုင်းအလည်တွင် ကပ်ပါ။
(၈) ထိုအရာများကို စဉ်းစားရာတွင် လူမျိုးတမျိုးအတွက်သာ စဉ်းစားတာလား၊
(၉) ဒီလိုထူးခြားချက်တွေက ဘယ်အချိန်ကတည်းက ပါလာသလဲ။
(၁၀) ဒီအရာများကို မရရှိပါက ဘယ်လိုခံစားရမလဲ။ (မရရင် သိမ်ငယ်မှုဖြစ်စေသည့်အတွက် ဒီအရာတွေကို လူ့ဂုဏ်သိက္ခာအဖြစ်ခေါ်ကြောင်း ပြောပါ)

ဒီလို ဂုဏ်သိက္ခာအတိုင်း နေထိုင်နိုင်ဖို့အတွက် နောက်ထပ်ဘာတွေလိုသလဲ ထပ်မေးပါ။ ထိုအချက်များကို ကျန်စာရွက် အရောင်တွင် ရေးဆွဲပါ။ တဦးချင်းရေးဆွဲထားသည့် ပုံများကို အများသိအောင်ပြစေပြီး ဘာကြောင့် ထိုအချက်များ လိုကြောင်းရှင်းပြခိုင်းပါ။ ထိုစာရွက်များကို စက်ဝိုင်းအပြင်တွင် ခွဲကပ်ပါ။

အပြင်တွင် ကပ်ထားသည့်အရာများ မရှိပါက အတွင်းကဂုဏ်သိက္ခာအတိုင်း နေထိုင်နိုင်မည်မဟုတ်။ ထို့ကြောင့် အပြင်အရာများသည် ရကိုရရမည့်အချက်များဖြစ်သည့်အတွက် လူသားများအတွက် ရရှိစေရမည့် အခွင့်အရေးများ ဖြစ်ကြောင်းပြောပါ။

- အပြင်က တခုကို ခွာလိုက်ကတည်းက ဘာတွေကို ထိခိုက်သွားနိုင်သလဲ (အပြင်နှင့် အတွင်းဆက်စပ်ပုံ)

- အပြင်တခုကို ထိခိုက်ပါက တခြားအပြင်က ဘာတွေကို ထိခိုက်သလဲ
  (အခွင့်အရေးအချင်းချင်း အပြန်အလှန်ဆက်စပ်ပုံ)

**လူ့အခွင့်အရေးဆိုတာကို လွယ်လွယ်နှင့် ပြောရရင်**

လူတိုင်းမွေးရာပါ ဂုဏ်သိက္ခာအတိုင်း နေထိုင်နိုင်ဖို့အတွက် မရှိမဖြစ်လိုအပ်သော အခြေခံလိုအပ်အချက်များ နိုင်ငံတကာမှာ တိတိကျကျပြောနိုင်တာ မရှိသေးလို့ အခြေခံအချက်လေးချက်နှင့် သတ်မှတ်ထားသည်။

**အကြောင်းအရာနှင့် ဆက်စပ်သည့် ဗဟုသုတပေးခြင်း** (Input)

လူ့အခွင့်အရေးအဓိပ္ပါယ်ဖွင့်ဆိုချက်

(၁) ကြောက်ရွံ့ခြင်းမှ ကင်းဝေးခြင်း (လုံခြုံမှု)

(၂) တောင်းတရခြင်းမှ ကင်းဝေးခြင်း (ဖူလုံမှု)

(၃) အခြေခံအချက် (၄) ချက်

- လူ့အခွင့်အရေးသည်မွေးရာပါအခွင့်အရေး
- လူ့အခွင့်အရေးသည် လူသားအားလုံးနှင့် သက်ဆိုင်သည်
- လူ့အခွင့်အရေးကို မည်သူမှယူဆောင်သိမ်းပိုက်မရ
- လူ့အခွင့်အရေးသည်တစ်ခုနှင့် တစ်ခုအပြန်အလှန်ဆက်စပ်နေသည်။

(၄) ကုလသမဂ္ဂအဓိပ္ပါယ်ဖွင့်ဆိုချက်

(Power Point ဖြင့် ပြသ၍ ရှင်းပြရန်)

သင်တန်းများ၏ လက်တွေ့အဖြစ်နှင့် နှိုင်းယှဉ်ဆက်စပ်ပေးခြင်း (Deepening) – ၂၀ မိနစ်

- လူ့အခွင့်အရေးဆိုတာဘာလဲဆိုတာကိုကိုယ်စားပြုသည့်သင်္ကေတတခုစီရေးခိုင်းပါ။
- အုပ်စုငယ်ခွဲပြီး မိမိအဓိပ္ပာယ်ကို အဖွဲ့အတွင်းဆွေးနွေးခိုင်းပါ။ အဖွဲ့အလိုက် နောက်ဆုံးသဘောတူသော အဓိပ္ပါယ်ကို စာရွက်ပေါ်တွင်ရေးသားပြီး အုပ်စုကြီးတွင် ရှင်းပြခိုင်းပါ။

မည်ကဲ့သို့လုပ်ဆောင်၊ ကာကွယ်တားဆီးနိုင်သည်ကို အဖြေရှာလုပ်ဆောင်စေခြင်း (Synthesis) ၂၀ မိနစ်


အုပ်စု (၄) စုခွဲပြီး အောက်ပါအချက်များကို ဘယ်လိုနားလည်ကြောင်း လူအုပ်စုဖြင့် သရုပ်ဖော်ခိုင်းပါ။


- မွေးရာပါအခွင့်အရေး
- လူတိုင်းနှင့်ဆိုင်
- ယူဆောင်လို့
- အပြန်အလှန်ဆက်စပ်

လိုအပ်သောပစ္စည်းကိရိယာ

စာရွက်ကြီး၊ မာကာပင်၊ ဆော့ပင်၊ စက္ကူတိတ်၊ ကတ်ကြီး၊ ဗွီဒီယိုခွေ၊ ပရိုဂျက်တာ၊ ကာလာစာရွက်၊ ကာလာဘောပင်၊ စာအုပ်၊ ဖိုင်

# အခန်း (၂)
# လူ့အခွင့်အရေး အပိုဒ် ၃၀


EXPECTATION


Rules!

# လူ့အခွင့်အရေးအပိုဒ် (၃၀)

ရည်ရွယ်ချက်

- UDHR အချက် ၃၀ ၏ အဓိပ္ပါယ်ကို သဘောပေါက်ပြီး လက်တွေ့ဘဝ အခြေအနေနှင့် ဆက်စပ်ပြီး သုံးသပ်တတ်ရန်

လှုပ်ရှားမှု (Activity-1)

- UDHR အပိုဒ် (၃၀)ကို ဗွီဒီယိုဖြင့် ပြသပြီး အနည်းအကျဉ်း မိတ်ဆက်ခြင်း
- အပိုဒ် (၁-၂) မှာ အဓိပ္ပါယ်ဖွင့်ဆိုချက်ဖြစ်ကြောင်း ဦးဆောင်သူမှ ရှင်းပြပေးပါ။
- အပိုဒ် (၁) လူတိုင်းသည် တူညီသော လူ့ဂုဏ်သိက္ခာအခွင့်အရေးကို မွေးဖွားလာကြသူများ ဖြစ်သည်။ ထိုသူတို့သည် ပိုင်ခြားဝေဖန်တတ်သော ဉာဏ်နှင့်ကျင့်ဝတ်သိတတ်သော စိတ်ကိုနိုးအောင်းပြီး လူအချင်းချင်း မေတ္တာထား၍ ဆက်ဆံတတ်စေရန်
- အပိုဒ် (၂) လူတိုင်းသည် လူ့အခွင့်အရေးကြေညာစာတမ်းတွင် ဖော်ပြသည့် အခွင့်အရေး အားလုံးကို ပိုင်ဆိုင်ခံစားခွင့်ရှိသည်။ လူမျိုးနွယ်စု၊ အသားအရောင်၊ ကျား-မ၊ ကိုးကွယ်သည့်ဘာသာ၊ နိုင်ငံရေး အယူအဆနှင့် လူမှုအဆင့်အတန်းဆိုင်သော ဇစ်မြစ်ဖြစ်စေ၊ အခြားသော ဇစ်မြစ်ဖြစ်စေ ခွဲခြားခြင်း မပြုရ၊ နယ်မြေဒေသကို အကြောင်းပြုပြီး ခွဲခြားခြင်း လုံးဝမပြုရ။

လှုပ်ရှားမှု (Activity-2)

သင်တန်းသားတစ်ဦးစီးကို UDHR အပိုဒ်စာသားများ ပေးထားပါ။ အပိုဒ်ပုံများကို ကြမ်းပြင်တွင် ဖြန့်ထားပါ။
သင်တန်းသားများက မိမိရရှိသော အပိုဒ်နှင့် ပုံများကို တွဲရမည်။ နည်းပြသို့ လာရောက် ပြသပြီး သေချာပါက နေရာတွင် ထိုင်နိုင်သည်။

အပြန်အလှန်ဆွေးနွေးခြင်း (Discussion)

အပိုဒ်များသည် UDHR အပိုဒ်များဖြစ်ကြောင်းပြောပါ။ သင်တန်းသားတစ်ဦးချင်းအလိုက် မိမိရရှိသော အပိုဒ်များကို

- အဓိပ္ပါယ်ကို ဘယ်လိုနားလည်သလဲ၊
- လက်တွေ့အဖြစ်အပျက်၊
- ခြွင်းချက်ထားရှိသင့်မရှိ

ပြီးပါက အဖွဲ့ငယ်များတွင်း ပြန်လည်ဆွေးနွေးခိုင်းပါ။ နောက်ဆုံး အဖွဲ့ကြီးတွင် တဦးချင်းပြောခိုင်းပါ။

**အပိုဒ် (၃) လူတိုင်း အသက်ရှင်ခွင့်၊ လုံခြုံခွင့်ရှိသည်။**

အကြောင်းအရာနှင့် ဆက်စပ်သည့် ဗဟုသုတပေးခြင်း (Input)

- အဓိပ္ပါယ် - တရားဥပဒေ စိုးမိုးခြင်း
- ဥပမာ - လုံလောက်သော စားဝတ်နေရေးမရှိမှု၊ တရားဥပဒေ စိုးမိုးရေး မရှိခြင်း

ခြွင်းချက်-သေဒဏ်ကို အစိုးရကကျင့်သုံးခြင်း၊ (အသက်မပြည့်သူ၊ ကိုယ်ဝန်ဆောင်နှင့် စိတ်ရောဂါသည်ကို သေဒဏ်မပေးနိုင်ခြင်း) ကိုယ်ဝန်ဖျက်ချခွင့် ပြဋ္ဌာန်းထားခြင်း

သင်တန်းများ၏ လက်တွေ့အဖြစ်နှင့် နှိုင်းယှဉ်ဆက်စပ်ပေးခြင်း (Deepening)

- ဒေသမှာ ဥပဒေမဲ့ သေဆုံးသွားသည့်သူတွေ ရှိလား။
- သေးဆုံးမှုအပေါ် ဘယ်လို ပုံစံမျိုးထင်လဲ။

**အပိုဒ်(၄) မည်သူ့ကိုမှ ကျွန်အဖြစ် စေခိုင်းခြင်း မပြုရ။**

လှုပ်ရှားမှု (Activity)

အုပ်စုငယ်ခွဲပြီး ကျွန်ပြုခြင်းမြောက်သည့်အကြောင်းပေါ်လွင်အောင် အချင်းချင်းဆွေးနွေးခိုင်းပါ။
အဖွဲ့လိုက် ပြန်လည် သရုပ်ဆောင်မှုဖြင့် တင်ပြခိုင်းပါ။

အပြန်အလှန်ဆွေးနွေးခြင်း (Discussion)

- သရုပ်ဆောင်မှုအပေါ်မှာ ဘယ်လိုမြင်လဲ။
- ဘာအကြောင်းတွေ ပါလဲ။
- ဘယ်လိုခံစားရလဲ။
- သရုပ်ဆောင်မှာ ကျွန်ပြုခြင်းမြောက်လား။
- ဘာကြောင့်မြောက်လဲ။ ဦးဆောင်သူမှ ဆွေးနွေးချက်များကို ကျွန်အဖြစ်မြောက်တဲ့အချက် ဆွဲထုတ်ထားပါ။

ကြောင်းအရာနှင့် ဆက်စပ်သည့် ဗဟုသုတပေးခြင်း (Input)

- မည်သူ့ကိုမျှ ကျေးကျွန်အဖြစ်၊ သို့တည်းမဟုတ် အစေအပါးအဖြစ် နိုင်ထက်စီးနင်း စေခိုင်းခြင်းမပြုရ၊ လူကိုကျေးကျွန် သဖွယ် အဓမ္မစေခိုင်းခြင်း၊ အရောင်းအဝယ်ပြုခြင်းနှင့် ထိုသဘောသက်ရောက်သော လုပ်ငန်းဟူသမျှကို ပိတ်ပင်တား မြစ်ရမည်။
- ဆန္ဒမပါဘဲ အတင်းအကြပ်စေခိုင်းခြင်း၊ လုပ်ကိုင်သူက အကျိုးအမြတ်ရယူခြင်း၊ စိတ်ပိုင်း၊ ရုပ်ပိုင်းသက်ရောက်မှု ရှိစေ ခြင်း။
- ဥပမာ - ပေါ်တာဆွဲခြင်း၊ လုပ်အားပေးစေခိုင်းခြင်း၊ ပြည့်တန်ဆာ၊ ကလေးစစ်သား စေခိုင်းခြင်း

ခြွင်းချက် - အရေးပေါ်အခြေအနေအရ စေခိုင်းနိုင်။

သင်တန်းများ၏ လက်တွေ့အဖြစ်နှင့် နှိုင်းယှဉ်ဆက်စပ်ပေးခြင်း (Deepening)

- မိမိဒေသမှာကော ကျွန်အဖြစ် စေခိုင်းတာမျိုးရှိလား။
- သူတို့ ဘာတွေ လုပ်ရလဲ။
- သူတို့ရဲ့အနာဂတ်အတွက် အကျိုးဆက်က ဘာတွေလဲ။

**အပိုဒ် (၅) မည်သူ့ကိုမှ မတရားနှိပ်စက်ခြင်း မရှိစေရ။**

အကြောင်းအရာနှင့် ဆက်စပ်သည့် ဗဟုသုတပေးခြင်း (Input)

- မည်သူ့ကိုမျှ ညှဉ်းပန်းနှိပ်စက်ခြင်း (သို့တည်းမဟုတ်) ရက်စက်ကြမ်းကြုတ်စွာ လူမဆန်စွာဂုဏ်ငယ်စေသော ဆက်ဆံမှု မပြုရ၊ အပြစ်မပေးရ။
- ရည်ရွယ်ချက်ရှိ ကျူးလွန်က လုပ်ပိုင်ခွင့်အာဏာရှိသူ၊ ရုပ်ပိုင်းစိတ်ပိုင်းဆိုင်ရာ ပြင်းထန်စွာနာကျင်မှုရှိစေ၊ စေခိုင်းသူ၊ ခွင့်ပြုသူ၊ မသိဟန်ဆောင်သူများ အကြုံးဝင်
- (ဥပမာ - အကျဉ်းသားအား ရိုက်နှက်ခြင်း၊ တိုက်ပိတ်ခြင်း၊ အိမ်တွင်းအကြမ်းဖက်မှု၊ လိင်စော်ကားခြင်း၊ ဂုဏ်သိက္ခာ ထိခိုက်အောင် ခြိမ်းခြောက်ခြင်း)

သင်တန်းများ၏ လက်တွေ့အဖြစ်နှင့် နှိုင်းယှဉ်ဆက်စပ်ပေးခြင်း (Deepening)

- ညှဉ်းပန်းနှိပ်စက်မှုနဲ့ ပတ်သက်ပြီး မိမိဒေသမှာ တွေ့ဖူးလား။
- ဘယ်လိုမျိုး နှိပ်စက်မှုတွေ မြင်ဘူးကြလဲ။
- ဦးဆောင်သူမှ ဆွေးနွေးချက်များကို ပြန်လည်အနှစ်ချုပ်ပေးခြင်း။

**အပိုဒ် (၆) လူတိုင်း တရားဥပဒေရှေ့တွင် လူသားကဲ့သို့ ဆက်ဆံခံရမည်။**

- သင်တန်းသားများအား မိမိနားလည်သလို ရှင်းပြပေးရန် (သိပ်မပြောသေးသောသူများကို ဆွဲထုတ်ပြီး မေးမြန်းလိုက်ပါ)

အကြောင်းအရာနှင့် ဆက်စပ်သည့် ဗဟုသုတပေးခြင်း (Input)

- လူတိုင်းတွင် ဥပဒေအရာ လူပုဂ္ဂိုလ်တစ်ဦးအဖြစ်ဖြင့် အရာခပ်သိမ်းတွင် အသိအမှတ်ပြုခြင်းကို ခံယူပိုင်ခွင့်ရှိသည်။
- အမှုအကြောင်းသိရှိခွင့်၊ ရှေ့နေ၊ သက်သေခေါ်ယူခွင့်၊ ကျန်းမာရေး စောင့်ရှောက်ပေးခြင်း၊ လုံခြုံခွင့်များ ရရှိခွင့်၊ အယူခံဝင်ခွင့်
- (ဥပမာ - နှိပ်စက်ခံရခြင်း၊ ကျန်းမာရေး မကုသပေးခြင်း၊ မိသားစုနှင့် တွေ့ခွင့်မရှိခြင်း။)

**အပိုဒ် (၇) လူတိုင်း တရားဥပဒေရှေ့မှောက်တွင် တန်းတူဖြစ်သည်။ ကျောသား/ရင်သား မခွဲခြားရ။**

အကြောင်းအရာနှင့် ဆက်စပ်သည့် ဗဟုသုတပေးခြင်း (Input)

လူအားလုံးတို့သည် ဥပဒေအရာ၌ တူညီကြသည့်အပြင် ဥပဒေ၏ အကာအကွယ်ကို ခြားနားခြင်း မခံရစေဘဲ တူညီ

ခံစားပိုင်ခွင့်ရှိသည်။ ဤကြေညာစာတမ်းပါ သဘောတရားများကို ဖီဆန်၍ ခွဲခြားခြင်းမှ လည်းကောင်း၊ ထိုသို့ ခွဲခြားခြင်းကို လှုံ့ဆော်ခြင်းမှ လည်းကောင်း၊ ကင်းလွတ်စေရန် အကာအကွယ်ကို တူညီစွာ ခံစားပိုင်ခွင့်ရှိသည်။

- ဘက်လိုက်မှုကင်းခြင်း၊ အမှန်အတိုင်းတရားစီရင်ခြင်း၊ တရားရေးကဏ္ဍလွတ်လပ်ခြင်း
- (ဥပမာ – လာဒ်စားမှု၊ ရာထူးအရ မျက်နှာလိုက်ခြင်း၊ ဘက်လိုက် ဆုံးဖြတ်ခြင်း)

**အပိုဒ် (၈) အခွင့်အရေးချိုးဖောက်ခံရပါက ဥပဒေအကူအညီယူခွင့်ရှိသည်။**

အကြောင်းအရာနှင့် ဆက်စပ်သည့် ဗဟုသုတပေးခြင်း (Input)

- ဖွဲ့စည်းပုံအခြေခံဥပဒေမှ သော်လည်းကောင်း၊ အခြားဥပဒေမှသော်လည်းကောင်း၊ လူတိုင်းအတွက် ပေးထားသည့်အခြေခံအခွင့်အရေးများသည် ချိုးဖောက်ဖျက်ဆီးခြင်း ခံခဲ့ရလျှင် ထိုသို့ ချိုးဖောက် ဖျက်ဆီးသော ပြုလုပ်မှုကြောင့် ဖြစ်ပေါ်လာသော နစ်နာချက်အတွက် ထိုသူသည် နိုင်ငံဆိုင်ရာ အာဏာပိုင်တရားရုံးတွင် ထိရောက်စွာ သက်သာခွင့် ရနိုင်စေသည်။
- အခွင့်အရေးချိုးဖောက်ခံရပါက တိုင်ကြားနိုင်ခြင်း၊ ချိုးဖောက်သူများ အပြစ်လွတ်ခြင်း မရှိစေခြင်း။
- (ဥပမာ – လူ့အခွင့်အရေးကော်မရှင်၊ တိုင်ကြားနိုင်သည့် ယန္တရားများရှိခြင်း)

**အပိုဒ်(၉) မည်သူ့ကိုမှ ဥပဒေမဲ့ ဖမ်းဆီးခြင်း၊ တိုင်းပြည်မှ နှင်ထုတ်ခြင်းမပြုရ။**

လှုပ်ရှားမှု Activity

- Case Study (ဦးဆောင်သူမှ အပိုဒ် (၉) နှင့် ကိုက်ညီမည့်အကြောင်းကို မိမိနှစ်သက်သလို ရေးသားနိုင်ခြင်း)

အပြန်အလှန်ဆွေးနွေးခြင်း (Discussion)

- ဒီဇာတ်လမ်းက ဘာအကြောင်းတွေ ပါလဲ။
- ဘာတွေ ဖြစ်ပျက်နေတာလဲ။
- ဖမ်းဆီးမှု တရားလား။
- ဘာကြောင့် မတရားလဲ။
- ဖမ်းဆီးရင် ဘာတွေ လိုအပ်လဲ။

အကြောင်းအရာနှင့် ဆက်စပ်သည့် ဗဟုသုတပေးခြင်း (Input)

- မည်သူမျှ ဥပဒေအရ မဟုတ်သော ဖမ်းဆီးခြင်းကို ဖြစ်စေ၊ ချုပ်နှောင်ခြင်းကို ဖြစ်စေ၊ ပြည်နှင်ခြင်းကို ဖြစ်စေ မခံစားစေရ။
- ဝါးရမ်းဖြင့် ဖမ်းခြင်း၊ ဘာကြောင့်ဖမ်းသည်ကို ပြောပြခြင်း၊ တာဝန်ရှိသူကသာ ဖမ်းဆီးခြင်း၊ မိသားစုနှင့် ရှေ့နေကို ဆက်သွယ်ခွင့်ပြုခြင်း၊ ချုပ်နှောင်ထားမည့်နေရာကို အသိပေးခြင်း၊ အမြန်ဆုံး တရားစီရင်ခြင်း၊
- (ဥပမာ – အချိန်မတော်ဘာအကြောင်းပြချက်မှ မပေးပဲ ခေါ်ဆောင်သွားခြင်း၊ လျှို့ဝှက်နေရာများတွင် ချုပ်နှောင်ခြင်း)
- ခြွင်းချက် – နိုင်ငံတော် ပုန်ကန်မှု လျှပ်တစ်ပျက်ရာဇဝတ်မှု

သင်တန်းများ၏ လက်တွေ့အဖြစ်နှင့် နှိုင်းယှဉ်ဆက်စပ်ပေးခြင်း (Deepening)

- မိမိဒေသမှာ ဒီလို ဖမ်းဆီးမှုတွေ ရှိလား။
- ဘယ်လို ပုံစံနှင့် ဖမ်းဆီးလေ့ရှိလဲ။
- ဦးဆောင်သူမှ အနှစ်ချုပ်ပေးခြင်း။

**အပိုဒ်(၁၀) လူတိုင်းမျှတသော တရားစီရင်မှုခံခွင့်ရှိသည်။ လူအများကြားနာနိုင်သော တရားရုံး ဖြစ်ရမည်။**

အကြောင်းအရာနှင့် ဆက်စပ်သည့် ဗဟုသုတပေးခြင်း (Input)

- အခွင့်အရေးများနှင့် တာဝန်ဝတ္တရားများကို အဆုံးအဖြတ်ခံရာတွင်လည်းကောင်း၊ ပြစ်မှုကြောင့် တရားစွဲဆို စီရင်ဆုံးဖြတ်ခံရာတွင် လည်းကောင်း၊ လူတိုင်းသည် လွတ်လပ်၍ ဘက်မလိုက်သော တရားရုံးတော်၏ လူအများရှေ့မှောက်တွင် မျှတစွာ ကြားနာစစ်ဆေးခြင်းကို တူညီစွာ ခံစားပိုင်ခွင့် ရှိသည်။
- တရားရုံးများတွင် တက်ရောက်လေ့လာခွင့်၊ သတင်းမီဒီယာများကတဆင့် သတင်းထုတ်ပြန်ခွင့်
- (ဥပမာ စစ်ခုံရုံးဖြင့် စီရင်ခြင်း၊ ထောင်မှူးတွင် တရားရုံးဖြင့် စီရင်ခြင်း၊ သက်သေမခိုင်လုံဘဲ စီရင်ခြင်း)

ခြွင်းချက် – အသက်မပြည့်သေးသော ကလေးများပါဝင်နေသော အမှုများ၊ နိုင်ငံတော်ပုန်ကန်မှုနှင့် နိုင်ငံ၏ လျှို့ဝှက်

ချက်များ ပေါက်ကြားစေနိုင်သော အမှုများ

**အပိုဒ် (၁၁) အပြစ်ရှိသည်ဟု ခိုင်လုံသော အထောက်အထားမရှိမချင်း ထိုသူသည် အပြစ်မရှိ။**

လှုပ်ရှားမှု (Activity)

Human Story (or) Role Play (မလုပ်ဘဲ စွပ်စွဲခံရ၊ သက်သေမခိုင်ဘဲအပြစ်ချ)

အပြန်အလှန်ဆွေးနွေးခြင်း (Discussion)

- ဘယ်လို ခံစားရလဲ။
- ဘာဖြစ်လို့ ဒီလိုခံစားရလဲ။
- မတရားခံခဲ့ရတယ်လို့ထင်လား။
- အနာဂတ် ရလာဒ်က ဘာဖြစ်မလဲ။

အကြောင်းအရာနှင့် ဆက်စပ်သည့် ဗဟုသုတပေးခြင်း (Input)

- လူအများ၏ ရှေ့မှောက်၌ ဥပဒေအတိုင်းစစ်ဆေး၍ ပြစ်မှုနှင့် တရားစွဲဆိုသူတိုင်းသည် အပြစ်မဲ့သူဟူ၍ ယူဆခြင်း ခံထိုက်သည့်အခွင့်အရေးရှိသည်၊ ထိုအမှုကို ကြားနာစစ်ဆေးရာဝယ် စွပ်စွဲခံရသည့် ပြစ်မှု အတွက် ခုခံချေပနိုင်ရန် လိုအပ်သော အခွင့်အရေးများကို ပေးရမည်။
- တစ်ဦးတစ်ယောက်အား နိုင်ငံဥပဒေအရ ဖြစ်စေ၊ အပြည်ပြည်ဆိုင်ရာ ဥပဒေအရဖြစ်စေ ပြစ်မှုမမြောက်သော လုပ်ရပ် (သို့) ပျက်ကွက်မှုအရ စွပ်စွဲ အပြစ်ပေးခြင်းမပြုရ၊ ထို့အပြင် ပြစ်မှုကျူးလွန်စဉ် အခါက ထိုက်သင့်စေနိုင်သော အပြစ်ဒဏ်ထက် ပိုမို ကြီးလေးသော အပြစ်ဒဏ်ကို ထိုက်သင့်ခြင်း မရှိစေရ
- သံသယဖြင့် စီရင်ခြင်း
- (ဥပမာ – သက်သေခံမှုမရှိ၊ ထင်ကြေးသံသယအမိန့်ချ၊ သတင်းတွင် တရားခံအဖြစ် ရေးသားခြင်း)

သင်တန်းများ၏ လက်တွေ့အဖြစ်နှင့် နှိုင်းယှဉ်ဆက်စပ်ပေးခြင်း (Deepening)

- မိမိဒေသမှာ သက်သေမခိုင်လုံဘဲ သံသယဖြင့် စွပ်စွဲခြင်းတွေ ရှိလား။
- ဘယ်လို အမှုမျိုးတွေ ရှိလဲ။
- ဘယ်လို ပုံစံနဲ့ ဖြေရှင်းလေ့ရှိလဲ။ ဘယ်သူတွေက ဖြေရှင်းပေးကြတာလဲ။
- ဦးဆောင်သူမှ ပြန်လည်အနှစ်ချုပ်ပေးခြင်း။

**အပိုဒ် (၁၂) မကောင်းသော ရည်ရွယ်ချက်ဖြင့် အခြားသူများ၏ စာများဖောက်ခြင်း၊ အိမ်အတွင်း ဝင်ရောက်ခြင်း**

အကြောင်းအရာနှင့် ဆက်စပ်သည့် ဗဟုသုတပေးခြင်း (Input)

- မည်သူမျှ မိမိသဘောအတိုင်း အေးချမ်းလွတ်လပ်စွာ နေထိုင်ခြင်းကိုလည်းကောင်း၊ မိမိ၏ မိသားစုကိုလည်းကောင်း၊ မိမိ၏ နေအိမ်အသိုင်းအဝိုင်းကိုလည်းကောင်း၊ စာပေးစာယူသော်လည်းကောင်း ဥပဒေအရ မဟုတ်ဘဲ ဝင်ရောက်စွက်ဖက်ခြင်း မပြုရ၊ ထို့အပြင် မိမိ၏ ဂုဏ်သိက္ခာကို အထက်ပါအတိုင်း ပုပ်ခတ်ခြင်း မခံစေရ၊ လူတိုင်းတွင် ထိုသို့ဝင်ရောက်စွက်ဖက်ခြင်းမှ သော်လည်းကောင်း ဥပဒေအရ ကာကွယ်ပိုင်ခွင့်ရှိသည်။
- လူတစ်ယောက်၏ ပုဂ္ဂလိက လွတ်လပ်ခွင့်ဖြစ်သည့် အိမ်များ၊ ကိုယ်ရေးကိုယ်တာကိစ္စများကို ဝင်ရောက် မစွက်ဖက်ရ
- (ဥပမာ – အင်တာနက်၊ စာများ၊ ဖုန်း၊ ဥပဒေအရထက်ပိုပြီး နှိုက်နှိုက်ချွတ်ချွတ် စစ်ဆေးမေးမြန်း ရှာဖွေခြင်း)

ခြွင်းချက် – အများပြည်သူအကျိုးကို ကာကွယ်ရန်၊ အကြမ်းဖက်မှုကို တားဆီးရန်အကြောင်းပြ၍ အချို့နိုင်ငံများတွင် ဥပဒေအရ ခွင့်ပြုထားသည်။

**အပိုဒ် (၁၃) လူတိုင်း မိမိတိုင်းပြည်အတွင်း လွတ်လပ်စွာ သွားလာခွင့်ရှိသည်။**

အကြောင်းအရာနှင့် ဆက်စပ်သည့် ဗဟုသုတပေးခြင်း (Input)

- လူတိုင်းတွင် မိမိ၏နိုင်ငံနယ်နမိတ်အတွင်း လွတ်လပ်စွာ သွားလာရွှေ့ပြောင်းနိုင်ခွင့်၊ နေထိုင်ခွင့်ရှိသည်။
- လူတိုင်းတွင် မိမိတိုင်းပြည်တွင် လည်းကောင်း အခြားတိုင်းပြည်တွင်လည်းကောင်း ထွက်ခွာပိုင်ခွင့်၊ မိမိတိုင်းပြည်တွင် ပြန်လည် ပြန်လာပိုင်ခွင့်ရှိသည်။ နိုင်ငံကူးလက်မှတ်များကို ရရှိခွင့်
- ဥပမာ – ဂိတ်များထားပြီး စစ်ဆေးခြင်း၊ အကြောင်းအမျိုးမျိုးပြ၍ သွားလာခွင့်ပိတ်ပင်ခြင်း၊ နိုင်ငံကူး လက်မှတ်များ ထုတ်မပေးခြင်း

ခြွင်းချက် – မိမိတိုင်းပြည်တွင် အရေးပေါ်ကာလ အန္တရာယ်ရှိသော နေရာဒေသ၊ အများလုံခြုံမှု မရှိသော နေရာမျိုးတွင် ကန့်သတ်ချက် ဖြစ်သည်။

**အပိုဒ် (၁၄) မတရားအပြစ်ပေးခံရမည်ဆိုပါက အခြားနိုင်ငံတွင် ခိုလှုံခွင့် တောင်းခံနိုင်သည်။**

အကြောင်းအရာနှင့် ဆက်စပ်သည့် ဗဟုသုတပေးခြင်း (Input)

- လူတိုင်းသည် ညှဉ်းပန်းနှိပ်စက်ခြင်းခံနေရခြင်းမှ ကင်းလွတ်ရန်၊ အခြားတိုင်းပြည်တွင် အေးချမ်းစွာ ခိုလှုံနိုင်ခွင့်ရှိသည်။ ထိုနိုင်ငံက အတင်းအကြပ် ပြန်မပို့ရ။
- နိုင်ငံရေးနှင့် မပတ်သက်သည့် ပြစ်မှုများမှသော်လည်းကောင်း ကုလသမဂ္ဂ၏ ရည်ရွယ်ချက်နှင့် သဘောတရားမှုများကို ဖီဆန်သော အမှုများသော်လည်းကောင်း အမှန်ပေါ်ပေါက်လာသော ပြစ်မှုကြောင့် တရားစွဲဆိုခြင်းခံရသည့် အမှုအခင်း များတွင် အထက် အခွင့်အရေးကို အသုံးမပြုစေရ။
- ဥပမာ – ဒုက္ခသည် အဖြစ်အသိအမှတ်မပြုခြင်း၊ အတင်းအကြပ်နေရပ်သို့ ပြန်ပို့ခြင်း

**အပိုဒ် (၁၅) လူတိုင်းနိုင်ငံတစ်နိုင်ငံတွင် နိုင်ငံသားဖြစ်ခွင့်ရှိသည်။ ဆန္ဒရှိပါက အခြားနိုင်ငံသား အဖြစ် ခံယူနိုင်သည်။**

အကြောင်းအရာနှင့် ဆက်စပ်သည့် ဗဟုသုတပေးခြင်း (Input)

- လူတိုင်းသည် နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံသားဖြစ်ခွင့်ရှိသည့် ဥပဒေအရ မဟုတ်ရင် မည်သူမျှ မိမိ၏ နိုင်ငံသားအဖြစ်ကို စွန့်လွှတ်ခြင်း မခံစေရ၊ နိုင်ငံသားအဖြစ် ပြောင်းလဲနိုင်သော အခွင့်အရေးကိုလည်း ငြင်းပယ်ခြင်း မခံစေရ
- ဥပမာ – နိုင်ငံခြားသားနှင့် လက်ထပ်၍ နိုင်ငံသားဖြစ်ခွင့် ဖယ်ရှားလိုက်ခြင်း

မည်သို့ကဲ့သို့လုပ်ဆောင်၊ ကာကွယ်တားဆီးနိုင်သည်ကို အဖြေရှာလုပ်ဆောင်စေခြင်း (Synthesis)

ဒီ UDHR အပိုဒ်အပေါ်င်း (၁၅) ထိကို ဘာသင်ခန်းစာရလိုက်လဲ။

- ဘာတွေ မှတ်မိလဲ။
- ဒီအကြောင်းအရာနှင့် ဆက်စပ်ပြီး မိမိအတွက် ဘယ်လို အသုံးပြုသွားနိုင်မလဲ။
- တစ်ယောက်တစ်လှည့်စီ ပြောခိုင်းပါ။
- ဦးဆောင်သူမှ အပိုဒ် (၁–၁၅) အထိကို ပြန်လည်အနှစ်ချုပ်ပေးခြင်း။





# အခန်း (၃)
# လူ့အခွင့်အရေး အပိုဒ် ၃၀

# လူ့အခွင့်အရေးအပိုဒ်(၃၀)

ရည်ရွယ်ချက်

UDHR အချက် (၃၀) ၏ အဓိပ္ပါယ်ကို သဘောပေါက်ပြီး လက်တွေ့အခြေအနေနှင့် ဆက်စပ်သုံးသုံးသပ်ရန်

**အပိုဒ် (၁၆) အရွယ်ရောက်ပြီးကျားမတိုင်း မိမိဆန္ဒဖြင့် လက်ထပ်ခွင့် အိမ်ထောင်ထူထောင်ခွင့်ရှိသည်။**

အကြောင်းအရာနှင့် ဆက်စပ်သည့် ဗဟုသုတပေးခြင်း (Input)

- အရွယ်ရောက်ပြီးသော ယောကျာ်းနှင့် မိန်းမတို့တွင် လူမျိုးကိုသော်လည်းကောင်း၊ နိုင်ငံသားအဖြစ်ကို သော်လည်းကောင်း၊ ကိုးကွယ်သည့်ဘာသာကိုသော်လည်းကောင်း အကြောင်းပြု၍ ချုပ်ချယ်ကန့်သတ်ခြင်း မရှိဘဲ ထိမ်းမြားနိုင်ခွင့်နှင့် မိသားစု ထူထောင်နိုင်ခွင့်ရှိသည်။ အဆိုပါယောကျာ်းနှင့် မိန်းမတို့သည် လင်မယား အဖြစ်ပေါင်းသင်းနေစဉ် အချိန်အတွင်း၌သော်လည်းကောင်း အိမ်ထောင်ကို ဖျက်သိမ်း၍ ကွာရှင်းကြသည့် အခါ၌လည်းကောင်း လက်ထပ်ပေါင်းသင်း အိမ်ထောင်ပြုခြင်းနှင့် စပ်လျဥ်း၍ တူညီသော အခွင့်အရေးများ ရရှိထိုက်သည်။
- သတို့သားနှင့်သတို့သမီး နှစ်ဦးနှစ်ဖက်တို့၏ လွတ်လပ်သော သဘောဆန္ဒရှိမှသာလျှင် ထိမ်းမြားခြင်းကို ပြုလုပ်ရမည်။
- (မိသားစုတစ်ခုသည် လူ့အဖွဲ့အစည်း၏ သဘာဝကျသော အခြေခံအဖွဲ့ တစ်ရပ်ဖြစ်သည် ထိုမိသားစုသည် လူ့အဖွဲ့အစည်းနှင့် အစိုးရတို့၏ ကာကွယ်စောင့်ရှောက်ခြင်းကို ခံယူခွင့်ရှိသည်။ (စသည့် လူ့အခွင့်အရေးနှင့် သက်ဆိုင်သော အသိပညာပေးရန်)

**အပိုဒ် (၁၇) လူတိုင်းကိုယ်ပိုင်ပစ္စည်းပိုင်ဆိုင်ခွင့်ရှိသည်။**

လှုပ်ရှားမှု (Activity)

ကိုယ်ပိုင်ပစ္စည်းပိုင်ဆိုင်ခွင့် (ကာတွန်း Vedio) ပြခြင်း။

- ဘာတွေမြင်လိုက်လဲ
- ဘယ်လိုသိမ်းသွားလဲ
- ဘယ်လိုခံစားရလဲ
- ဘာတွေ ထိခိုက်နစ်နာဆုံးရှုံးသွားလဲ
- ဒီလိုဆုံးရှုံးသွားသည့်အတွက် ရှေ့ဆက် ဘာတွေဆက်ဖြစ်လာနိုင်လဲ
- လယ်ယာမြေသိမ်းဆည်းတာပဲလား မိမိတို့ရဲ့အခြားကိုယ်ပိုင်ပစ္စည်းတွေ သိမ်းခံရရင်ရော ဘယ်လိုချိုးဖောက်ခံရတာလဲ
- မိမိတို့လက်တွေ့ဘဝ/ ပတ်ဝန်းကျင်မှာရော ဒီလိုမျိုးတွေရှိလား

အကြောင်းအရာနှင့် ဆက်စပ်သည့် ဗဟုသုတပေးခြင်း (Input)

လူ့အခွင့်အရေးအပိုဒ် (၁၇) ကိုရှင်းပြရန်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၈) ပုဒ်မ ၃၅၆ နိုင်ငံတော်သည်နိုင်ငံသားများ၏ တရားဝင်ရရှိပိုင်ဆိုင်ထားသော ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများနှင့် စပ်လျှင်း၍ ဥပဒေအရ ကာကွယ်ပေးရမည်။

**အပိုဒ် (၁၈) လူတိုင်းလွတ်လပ်စွာ ယုံကြည်ကိုးကွယ်ပိုင်ခွင့်ရှိသည်။ ဆန္ဒရှိပါက အခြား ဘာသာသို့ ကူးပြောင်းနိုင်သည်။**

အကြောင်းအရာနှင့် ဆက်စပ်သည့် ဗဟုသုတပေးခြင်း (Input)

အပိုဒ်(၁၈)ကို ရှင်းပြရန်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၈) ပုဒ်မ ၃၆၂ နိုင်ငံတော်သည် ခရစ်ယာန်ဘာသာသာသနာ အစ္စလာမ် ဘာသာသာသနာ၊ ဟိန္ဒူဘာသာနှင့် နတ်ကိုးကွယ်သောဘာသာတို့ကို ဤဖွဲ့စည်းပုံ အခြေခံဥပဒေအာဏာတည်သောနေ့၌ နိုင်ငံတော်တွင်ရှိနေကြသော ကိုးကွယ်ရာဘာသာများဟူ၍ အသိအမှတ် ပြုသည် အခြေခံဥပဒေ (၃၆၃) နိုင်ငံတော်သည် အသိအမှတ်ပြုထားသောဘာသာ သာသနာများကို တတ်နိုင်သမျှ ကူညီစောင့်ရှောက်မည်။

**အပိုဒ် (၁၉) လူတိုင်းလွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ရှိသည်။**

အကြောင်းအရာနှင့် ဆက်စပ်သည့် ဗဟုသုတပေးခြင်း (Input)

- အပိုဒ် (၁၉) ရှင်းပြရန် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ (၃၅၄) (က)၊ (ခ) ကိုရှင်းပြရန်
- အပိုဒ် (၂၀) လူတိုင်းတွင် လွတ်လပ်အေးချမ်းစွာ စုဝေးနိုင်ခွင့်နှင့် ဖွဲ့စည်းနိုင်ခွင့်တို့ရှိသည်။ မည်သူကိုမျှ အဖွဲ့အစည်းတခုသို့ ဝင်စေရန်အတင်းအကျပ်မပြုရ။

အကြောင်းအရာနှင့် ဆက်စပ်သည့် ဗဟုသုတပေးခြင်း (Input)

- အပိုဒ်(၂၀) ကိုရှင်းပြရန် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ (၃၅၄) (ဂ)၊ (ဃ) ကို ရှင်းပြရန်
- (၂၁) လူတိုင်းမိမိတိုင်းပြည်၏ အစိုးရတွင်ပါဝင်ပါတ်သတ်ခွင့် မဲဆန္ဒဖြင့်ရွေးချယ်ပိုင်ခွင့်ရှိသည်။

အကြောင်းအရာနှင့် ဆက်စပ်သည့် ဗဟုသုတပေးခြင်း (Input)
- အပိုဒ် (၂၁) ကို ရှင်းပြရန် ဖွဲစည်းပုံအခြေခံ ဥပဒေ ပုဒ်မ (၃၆၉) (က)၊ (ခ) ကိုရှင်းပြရန်
- အပိုဒ် (၂၂) လူတိုင်းလူမှုဘဝဖူလုံရေးခံစားခွင့်ရှိသည်။

အကြောင်းအရာနှင့် ဆက်စပ်သည့် ဗဟုသုတပေးခြင်း (Input)
- အပိုဒ် (၂၂) ကိုရှင်းပြရန် ဖွဲစည်းပုံအခြေခံ ဥပဒေ ပုဒ်မ (၃၆၇) ကို ရှင်းပြရန်
- အပိုဒ် (၂၃) လူတိုင်းသင့်တင့်သော လစာဖြင့် အလုပ်လုပ်ခွင့် အလုပ်သမားသမဂ္ဂများသို့ ဝင်ရောက်ခွင့်ရှိသည်။

အကြောင်းအရာနှင့် ဆက်စပ်သည့် ဗဟုသုတပေးခြင်း (Input)
- အပိုဒ် (၂၃) ကိုရှင်းပြရန် ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ (၃၄၉) (က)၊ (ခ)၊ (ဂ)၊   ကိုရှင်းပြရန်
- အပိုဒ် (၂၄) လူတိုင်းအပန်းဖြေအနားယူခွင့်ရှိသည်။

အကြောင်းအရာနှင့် ဆက်စပ်သည့် ဗဟုသုတပေးခြင်း (Input)
- အပိုဒ် (၂၄) ကိုရှင်းပြရန် ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ ( )  ကိုရှင်းပြရန်
- အပိုဒ် (၂၅) လူတိုင်းလူနေမှုအဆင့်အတန်းနှင့် ဆေးကုသခွင့်ရှိသည်

အကြောင်းအရာနှင့် ဆက်စပ်သည့် ဗဟုသုတပေးခြင်း (Input)
- အပိုဒ် (၂၅) ကိုရှင်းပြရန် ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ (၃၆၇) ကိုရှင်းပြရန်
- အပိုဒ် (၂၆) လူတိုင်းအခြေခံပညာကို အခမဲ့မသင်မနေရ သင်ကြားခွင့်ရှိသည်။

လှုပ်ရှားမှု (Activity)
(Vedio) ပြခြင်း
- ဘာတွေတွေ့လိုက်လဲ
- ဘယ်လိုခံစားရလဲ
- ဘာတွေဆုံးရှုံးနေတယ်လို့ထင်လဲ
- ပညာသင်ကြားခွင့်ဆုံးရှုံးသည့်အတွက် ဘယ်လိုအကျိုးဆက်တွေ ဆက်ဖြစ်ပွားနိုင်လဲ

အကြောင်းအရာနှင့် ဆက်စပ်သည့် ဗဟုသုတပေးခြင်း (Input)
- လူတိုင်းမသင်မနေရ ပညာရေး (Availability)
- လက်လှမ်းမှီသော ပညာရေးစနစ် (Accessibility)
- အသုံးချလို့ရတဲ့ ပညာရေး (Adaptability)
- ကိုက်ညီမှုရှိရမည် (Appropriatabilty)

အပိုဒ် (၂၆) ကို ရှင်းပြရန် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ (၃၆၆) နိုင်ငံတော်က ချမှတ်ထားသော ပညာရေးဆိုင်ရာ မူဝါဒများနှင့် အညီ

(က) ပညာသင်ကြားပိုင်ခွင့်ရှိသည်

(ခ) ဥပဒေဖြင့် ပြဋ္ဌာန်းမည့် မသင်မနေရ အခြေခံပညာများကို သင်ကြားရမည်။

(ဂ) စသည်တို့ကိုရှင်းပြရန်

သင်တန်းများ၏ လက်တွေ့အဖြစ်နှင့် နှိုင်းယှဉ်ဆက်စပ်ပေးခြင်း (Deepening)
- မိမိတို့၏ လက်တွေ့ဘဝ ပါတ်ဝန်းကျင်မှာရော ဒီလိုမျိုးရှိလား။

**အပိုဒ် (၂၇) လူတိုင်း မိမိပတ်ဝန်းကျင်၏ ယဉ်ကျေးမှုတွင် ပါဝင်ခွင့်ရှိသည်။**

အကြောင်းအရာနှင့် ဆက်စပ်သည့် ဗဟုသုတပေးခြင်း (Input)

- အပိုဒ် (၂၇) ကိုရှင်းပြရန် ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ (၃၆၅) ကိုရှင်းပြရန်

မည်ကဲ့သို့လုပ်ဆောင်၊ ကာကွယ်တားဆီးနိုင်သည်ကို အဖြေရှာလုပ်ဆောင်စေခြင်း (Synthesis)

- ဒီလို လူ့အခွင့်အရေးချိုးဖောက်မှုတွေ လျော့နည်းအောင် ဘယ်လိုလုပ်ဆောင်ကြမလဲ။
- ချိုးဖောက်မှုတွေကို ဘယ်လိုဖော်ထုတ်ကြမလဲ။
- ချိုးဖောက်ခံရသူတွေကို ဘယ်လိုမျိုးပြန်လည်ကုစားနိုင်မလဲ။



# အခန်း (၄)
# လူ့အခွင့်အရေးသင်ခန်းစာ ၂

# လူ့အခွင့်အရေးသင်ခန်းစာ(၂)

## လူ့အခွင့်အရေးသမိုင်းကြောင်း

ရည်ရွယ်ချက်

- လူ့အခွင့်အရေးအယူအများသည်၊ 'လူ့အခွင့်အရေး' ဆိုသော စကားလုံး မပေါ်ပေါက်မှီကတည်းက လူတို့ထံတွင် ကိန်းအောင်းနေပြီဖြစ်ကြောင်း ပေါ်လွင်စွာ မြင်တတ်စေရန်။
- လူ့အခွင့်အရေးသမိုင်းကြောင်းနှင့် UDHR ပေါ်ပေါက်လာပုံကို နားလည်သဘောပေါက်စေရန်။
- လူ့အခွင့်အရေး အမည်အခံပဲ၊ အခြားအမည်များဖြင့် ပညာပေးလှုံ့ဆော်နိုင်ကြောင်းကို သတိပြုမိ၍ နည်းလမ်းများ ရှာဖွေတတ်စေရန်။

လှုပ်ရှားမှု (Acitivity)

(မစခင် 'လူ့အခွင့်အရေး' ဆိုသည့် စကားလုံးကို အရပ်သုံးစကားနှင့် ဘယ်လိုခေါ်နိုင်သေးလဲ (ဥပမာ–လေးစားခြင်း၊ ကိုယ်ချင်းစာတတ်ခြင်း၊ ငြိမ်းချမ်းလုံခြုံခြင်း)

(၁) သင်တန်းသားများကို ကိုးကွယ်ရာဘာသာအလိုက်၊ အုပ်စုခွဲပါ။ ဘာသာတူများပါလာပါက၊ လူမျိုး၊ နေရာဒေသ၊ အလိုက်၊ အုပ်စု (၃) စု (သို့) (၄) စု လူဦးရေ အနည်းအများ ကြည့်၍ခွဲပါ။
(မှတ်ချက်။ ဘာသာမဲ့များပါလာပါက သူပါလိုအပ်ပါက ပါဝင်ခိုင်း၊ မပါချင်လိုပါက သူ့အား အုပ်စုတစ်ခုထားပေးပါ၊)

(၂) မိမိတို့ ကိုးကွယ်သည့်ဘာသာများတွင် 'လူ့အခွင့်အရေး' ဆိုသည့် စကားလုံးမသုံးသော်လည်း ထိုအဓိပ္ပါယ်နှင့် ဆင်တူသည့် စကားလုံးများပါဝင်သည့် ဆုံးမချက်များကို ပြန်စဉ်းစား၍ အချင်းချင်းဆွေးနွေးစေပါ။ (ဥပမာ – ဘာသာရေးအရ ယေရှုက ရန်သူကိုပင် မေတ္တာထားရန် မိန့်ဆိုထားကြောင်း၊ ဖြမစိုရ်တရားထွန်းကားရန် ဗုဒ္ဓက မိန့်ကြားခဲ့ကြောင်း၊ အစ္စလာန်ဘာသာတွင် ချွေးမခြောက်ခင် လုပ်အားခကိုပေးရန် အလ္လာအရှင်က မိန့်တော်မူခဲ့၊ လူမှုရေး ကြီးသူကိုရိုသေ၊ ငယ်သူကိုသနား၊ ရွယ်တူကို လေးစား၊ ကိုယ့်ကိုချစ်သလို သူတစ်ပါးကို ချစ်ရန်။

(၃) ထိုဆွေးနွေးချက်များကို အုပ်စုလိုက်ပြန်လည် တင်ပြစေပါ။

အပြန်အလှန်ဆွေးနွေးခြင်း (Discussion)

- ဘာ့ကြောင့် ဒီအရာတွေကို ရွေးပြီးပြောနိုင်သလဲ။
- အဲဒီအရာများသည် လူ့အခွင့်အရေးနှင့် ဘာအဓိပ္ပါယ် တူနေသလဲ။

(လူ့အခွင့်အရေး စကားလုံးမပေါ်ပေါက်မှီကတည်းက လူ့အခွင့်အရေးနှင့် ဆင်တူသော အယူအဆများ၊ အဆိုအမိန့်၊ အယူအဆများ ယဉ်ကျေးမှု ထွန်းကားခဲ့သည်) ဖြစ်ကြောင်း ရှင်းပြပါ)

ဒါကြောင့် နိုင်ငံတကာတွင် သမိုင်းတစ်လျှောက် ဖိနှိပ်စော်ကားသူများလက်မှ လွတ်မြောက်ရန် နည်းမျိုးစုံဖြင့် တိုက်ပွဲဝင်ရင်း လူ့အခွင့်အရေး လှုပ်ရှားမှုများ ဘယ်လိုပေါ်ပေါက်ခဲ့သလဲ၊ ဆိုတာ လေ့လာရန် လိုအပ်ပေသည်။

ဗဟုသုတပေးခြင်း (Input) (HRE –epi -2) ပြသရန်

လူ့အခွင့်အရေး အခြေခံအတွေးအခေါ်များသည်

- ဟိန္ဒူဝေဒကျမ်း၊ ကိုရမ်ကျမ်း၊ သမ္မာကျမ်းစာ၊ ပိတိဋကပ်သုံးပုံ၊ (Hand Out ပြင်ထားနိုင်သည်)
- ကွန်ဖျူးရှပ်၏ အဆိုအမိန့်
- ဟမ္မူရာဘီကိုဥပဒေ (မျက်လုံးတစ်လုံးဆုံးလျှင် မျက်လုံးတစ်လုံးချင်း ပြန်လာလျော်ရမည်)
- BC–၄–၅ ရာစုခန့်အတွေးအခေါ်ပညာရှင် 'အရစ္စတိုတယ်၊ ပလေတို' အစရှိသော အတွေးအခေါ် ပညာရှင်တို့၏အတွေးအခေါ်အယူအဆများတွင်လည်း တွေ့နိုင်သည်။
- ၁၂၁၅ တွင် အင်္ဂလန်နိုင်ငံတွင် ပေါ်ပေါက်ခဲ့သော (မဂ္ဂကာတာစာချုပ်) သည်၊ ဘုရင်ကို စည်းမျဉ်းခံ ဘုရင်စနစ်မှ အာဏာကို လျော့ချပစ်သည့် လူ့အခွင့်အရေးနှင့်ပါတ်သက်၍ စံထားကိုးကားနေသည် ပထမဆုံး ပေးလာသောစာချုပ် ဖြစ်သည်။

- ၁၆၈၉ တွင် အင်္ဂလန်နိုင်ငံ ဖိနှိပ်ချုပ်ချယ်သော ဘုရင်စနစ် ထပ်မံပေါ်ပါက်လာသည့်အတွက်၊ လူထုမှ တော်လှန်ခဲ့ပြီး နောက်၊ အင်္ဂလိပ်လူ့အခွင့်အရေး ဥပဒေဟူ၍ ပေါ်ပါက်လာခဲ့သည် (England Bill of Rights)
- ၁၇၈၉ ခုနှစ်တွင် နှစ်ကြိမ်တိုင်တိုင် ပြင်သစ်တော်လှန်ရေး ဖြစ်ပွားပြီးနောက်၊ ပြစ်သစ်နိုင်သားနှင့် လူသား အခွင့်အရေး ကြေငြာစာတမ်း စတင်ပေါ်ပေါက်လာခဲ့သည်။ (French Declaration of the Rights of Man) ၁၇၇၆ခုနှစ်တွင် မြောက် အမေရိကမှ ပြည်နယ် (၁၃) ခုအား အင်္ဂလိပ်ကိုလိုနီ လက်အောက်မှ လွတ်မြောက်ကြောင်း ကြေငြာစာတမ်းကို ထုတ် ပြန်ခဲ့သည်။ (US Declaration of Independence)
- ၁၇၈၉ တွင် အမေရိကန်ဖက်ဒရယ်ပြည်ထောင်စု အခြေခံဥပဒေကို ရေးဆွဲခဲ့သော်လည်း လူ့အခွင့်အရေး ပြဋ္ဌာန်းချက် များ မပါဝင်ဟုဆိုကာ ပြည်နယ်များမှ လက်မခံခဲ့ကြပေ။ ထိုအတွက် အခြေခံ ဥပဒေပြင်ဆင် ဖြည့်စွက်ချက် (၁၀) ခု ပြုလုပ်ပြီးမှသာ ပြည်နယ်များက လက်ခံခဲ့ကြသည်။ ထို့ကြောင့် ၁၇၉၁ နှစ်တွင် အမေရိကန်လူ့အခွင့်အရေးအရေး ဥပ ဒေပေါ်လာခဲ့သည်။ (US Bills of Rights)

သင်တန်းများ၏ လက်တွေ့အဖြစ်နှင့် နှိုင်းယှဉ်ဆက်စပ်ပေးခြင်း (Deepening)
- မြန်မာပြည်မှာ လူ့အခွင့်အရေးအမည်မခံပဲ တိုက်ပွဲဝင်ခဲ့တာတွေရှိလား။ (ဥပမာ – မြန်မာနိုင်ငံ လွတ်လပ်ရေး လှုပ်ရှားမှု ကျောင်းသားသပိတ်)
- (အဲဒါတွေက မိမိနိုင်ငံထဲမှာ အဆင့်ပဲရှိသေးတယ်၊ ဒါကြောင့် ဒုတိယကမ္ဘာစစ်အပြီးမှာ – ကမ္ဘာကြီးငြိမ်းချမ်းဖို့နဲ့ နောက် ထပ် စစ်ပွဲတွေထပ်မဖြစ်ဖို့ဆိုပြီး ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်း ပေါ်ပေါက်လာခဲ့တယ်။

ဗဟုသုတပေးခြင်း (Input) –၂
လူ့အခွင့်အရေး စကားအသုံးအနှုန်းမပါဘဲ ထိုလမ်းစဉ်ရည်ရွယ်ချက်အတိုင်း ဆောင်ရွက်နေသော တစ်ချို့ လုပ်ငန်းစဉ်များမှာ အောက်ပါ အတိုင်းဖြစ်သည်။
- ဒီမိုကရေစီထွန်းကာရေး တောင်းဆိုလှုပ်ရှားမှုများ၊ ပြည်သူများ ပါဝင်ဆုံးဖြတ်သော အစိုးရစနစ်ကို တောင်းဆို တိုက်ပွဲ ဝင်ခြင်း
- လူထုအဓိကအဖွဲ့အစည်း (Civil Society) လွတ်လပ်စွာ ဖွဲ့စည်းနိုင်ခြင်း
- မိမိတို့ ဆန္ဒအတိုင်း လုပ်ဆောင်စေခြင်း၊ တစ်ဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ရေး၊ အစိုးရ၏ လိုအပ်ချက်များကို ဖြည့်ဆည်း တင်ပြပေးခြင်း။
- တရားဥပဒေစိုးမိုးမှု (Rule of Law) ချိုးဖောက်သူတိုင်း အရေးယူရမည် တရားဥပဒေအတိုင်း ကျောသားရင်သား မခွဲ ခြားဘဲ တန်းတူညီမျှမှု ရှိရမည်။ ချိုးဖောက်ခံရသူအား ဥပဒေအရ တာဝန်ယူ ဆောင်ရွက်ပေးရ မည်ဆိုသည့် သဘော တရားများ ပြန့်ပွားအောင်လုပ်ဆောင်ခြင်း။

လူမှုဖွံ့ဖြိုးမှု (Development)
- ပညာရေး၊ စီးပွားရေး၊ စားဝတ်နေရေး၊ သဘာဝပတ်ဝန်းကျင်စသည်တို့ ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်သည်။ ထို့ကြောင့် လူ့အသိုင်းအဝိုင်း တိုးတက်အောင်လုပ်ခြင်း။
- ဘာသာရေးအဖွဲ့အစည်းများ မေတ္တာထားရှိအောင်လုပ်ဆောင်ခြင်း ပရဟိတလုပ်ငန်း အထူးလုပ်ဆောင်ခြင်း။
- ငြိမ်းချမ်းရေးလုပ်ငန်းများလုပ်ဆောင်ခြင်း (Peace Bulding) အချင်းချင်းကြား အကြမ်းဖက်မှု ရပ်တန့်စေပြီး ငြိမ်းချမ်းမှု တည်ဆောက်ရန် ကြိုးပမ်းဆောင်ရွက်ခြင်း၊
- အမျိုးသမီးအဖွဲ့အစည်းများ၊ အမျိုးသမီးအပေါ်အကြမ်းဖက်မှုပပျောက်အောင်လုပ်ဆောင်ခြင်း၊ အမျိုးသမီးများ၏ စွမ်းရည် များနှင့် တာဝန်များအပေါ် လေးစားအသိအမှတ်ပြုမှုများ တိုးပွားလာစေရန်၊ စီးပွားရေးလူမှုရေး၊ နိုင်ငံရေးအခန်းကဏ္ဍ များတွင် တန်းတူပါဝင်ခွင့်ရရှိအောင် လုပ်ဆောင်ခြင်း။
- လူငယ်အဖွဲ့အစည်းအများ၊ လူငယ်များအကြားအချင်းချင်း အသိအမှတ်ပြုမှု၊ လေးစားမှု၊ ပူးပေါင်းဆောင်ရွက်မှု စသည့် အရည်အချင်းများ တိုးတက်မြင့်မားလာစေရန် လေ့ကျင့်ပေးခြင်း။
- နိုင်ငံတော်အတွင်း ပြန်လည်သင့်မြတ်ရေးအစီအစဉ် (National Reconcilation Program (NRP) Colfid Resolution နိုင်ငံအတွင်းတည်ရှိသော ပဋိပက္ခများ၊ ငြိမ်းချမ်းသောနည်းဖြင့် ပြေလည်အောင် ဖြေရှင်းနိုင်ရန်နည်းလမ်းရှာ လုပ်ဆောင် ပေးခြင်း။

(အထက်ပါ လုပ်ငန်းစဉ်များသည် လူတိုင်း၏ လူ့ဂုဏ်သိက္ခာရှိစေရန်အတွက်၊ တန်းတူမှု၊ လေးစားမှု) အစရှိသော လူ့အခွင့်အရေး သ ဘောတရားများ ထွန်းကားအောင် လုပ်ဆောင်နေသော လုပ်ငန်းစဉ်များပင်ဖြစ်သည်။ ထိုလုပ်ငန်းစဉ်များ အားလုံးသည် လူ့အခွင့်အရေး ဟူသော စကားအသုံးမပြုဘဲ လူ့အခွင့်အရေး ထွန်းကားရေးလုပ်ငန်းများကို အသွင်အမျိုးမျိုးဖြင့် လုပ်ဆောင်နေကြခြင်းပင်ဖြစ်သည်။

သင်တန်းများ၏ လက်တွေ့အဖြစ်နှင့် နှိုင်းယှဉ်ဆက်စပ်ပေးခြင်း (Deepening)

- မိမိပါတ်ဝန်းကျင်မှာကော လူ့အခွင့်အရေးအမည်မခံဘဲ လူ့အဖွဲ့အစည်းအတွက် လုပ်ဆောင်ပေးနေသော၊ အဖွဲ့၊ လုပ်ငန်းများ ရှိပါသလား။
- ဘာ့ကြောင့်မို့ ထိုအဖွဲ့များ၏ လုပ်ငန်းများ၊ လုပ်ဆောင်ချက်များသည် လူ့အခွင့်အရေးနှင့် ဆက်စပ်နေသည်ဟု ထင်ပါသလဲ။

ဗဟုသုတပေးခြင်း (Input) –၂

ဒုတိယကမ္ဘာစစ်အကြောင်း


- (ပထမကမ္ဘာစစ်အပြီး ၁၉၁၉ ခုနှစ်တွင် နိုင်ငံပေါင်းချုပ် အသင်းကြီးကို တည်ထောင်ခဲ့သော်လည်း မအောင်မြင်ဘဲ ဒုတိယကမ္ဘာစစ် ထပ်မံဖြစ်ပွားခဲ့တယ်။)
- UDHR – သမိုင်းကြောင်းကုလသမဂ္ဂပေါ်ပေါက်လာပုံ HRE TV epi–(3)
- UDHR အချက်(၃၀)
- မည်ကဲ့သို့လုပ်ဆောင်၊ ကာကွယ်တားဆီးနိုင်သည်ကို အဖြေရှာလုပ်ဆောင်စေခြင်း (Synthesis)
  လူ့အခွင့်အရေးသမိုင်းကြောင်းအား မည်သို့နားလည်သည်ကို တစ်ဦးချင်းစီ ပြန်လည်တင်ပြစေခြင်း

Time Duration

Activity –(20)
Discussion -( 45)
Input -1 -(30)
Input-2-(30 )
Deepening (30)
Synthesis (20)

# အခန်း (၅)

# အသွင်ကူးပြောင်းရေးကာလဆိုင်ရာ တရားမျှတမှု



အသွင်ကူးပြောင်းရေးဆိုင်ရာတရားမျှတမှု
"Transitional Justice"
(Truth Seeking)
(Justice Seeking)
(Combat Against Impunity)
State Actor
Non-State Actor

# TJ ND-Burma_Modules Development: 11 to 12 March 2014

ND-Burma မှ အကောင်အထည်ဖော်ပြုလုပ်သွားမည့် သင်တန်းများတွင် လူ့အခွင့်အရေး၊ အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှုနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများ မှတ်တမ်းတင်ခြင်း – တို့ကို ဆွေးနွေးသွားမည်။ ပုံမှန်သင်တန်းကို ၇ ရက် သတ်မှတ်ထားပြီး အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှုအကြောင်းအား သင်တန်းတတိယနေ့နှင့် စတုတ္ထနေ့တို့တွင် ဆွေးနွေးပို့ချလေ့ကျင့်သွားမည် ဖြစ်သည်။ ထို ၂ ရက်ကြာ ဆွေးနွေးမှုများအတွင်း အောက်ပါ အကြောင်းအရာများကို မဖြစ်မနေပါဝင်ဆွေးနွေးသွားနိုင်ရန် သင်ခန်းစာပြင်ဆင်မှုကို ပြုလုပ်မည် ဖြစ်ကြောင်း ND-Burma ToT တက်ရောက်သူများ၊ သင်ခန်းစာအသေးစိတ်ပြင်ဆင်မှု Module Development ပြုလုပ်သူများက သဘောတူထားကြပါသည်။

**အခန်း (၁) အသွင်ကူးပြောင်းရေးဆိုင်ရာတရားမျှတမှုအခြေခံအယူအဆများ** TJ Concepts

- အသွင်ကူးပြောင်းရေးဆိုင်ရာတရားမျှတမှု Transitional Justice ဆိုတာဘာလဲ။
- အမှုမှန် (အမှန်တရား) Truth ဆိုတာဘာလဲ။
- တရားမျှတမှု Justice ဆိုတာဘာလဲ။
- အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှု လုပ်ငန်းအကောင်အထည်ဖော်မှုမှာ အခြေခံအကျဆုံးလုပ်ငန်းက ဘာလဲ။
- နစ်နာခဲ့တဲ့သူတွေကို ဘာလုပ်ပေးနိုင်မလဲ။
- တာဝန်ယူတာဝန်ခံမှု Accountability ဆိုတာဘာလဲ၊ နိုင်ငံရဲ့အသွင်ကူးပြောင်းရေးမှာ ဘာကြောင့်အရေးပါ ရသလဲ။
- ခွင့်လွှတ်ခြင်း Forgiveness နဲ့ မမေ့မလျော့ရှိခြင်း Unforgotten အယူအဆ။
- ပြစ်ဒဏ်ခတ်အရေးယူခံရခြင်းက ကင်းလွတ်ခွင့်ရနေတဲ့ဓလေ့ Impunity ဆက်ဖြစ်မနေအောင် ဘာလုပ်မလဲ။
- အသွင်ကူးပြောင်းရေးဆိုင်ရာတရားမျှတမှု ဖော်ဆောင်ရေးလုပ်ငန်းများ TJ Mechanisms
- တရားစီရင်ရေးဆိုင်ရာ Judicial နဲ့ တရားစီရင်ခြင်းနဲ့မသက်ဆိုင်တဲ့ Non-judicial လုပ်ငန်းအကောင်အထည်ဖော်မှုများ၊ ပြူတင်းတံခါး ၄ ပေါက် TJ 4 Windows)
- အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှုနှင့် အမျိုးသမီးများအခန်းကဏ္ဍ။
- အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှုနှင့် ကလေးသူငယ်များဆိုင်ရာကိစ္စရပ်များ။

**အခန်း (၂) အမှုမှန် (အမှန်တရား) ပေါ်ပေါက်ရေး ဘာကြောင့်အရေးကြီးသလဲ။** Why truth seeking is important?

- အစိုးရကျောထောက်နောက်ခံပြုပေးထားတဲ့ အမှုမှန် (အမှန်တရား) ပေါ်ပေါက်ရေးကော်မရှင်များ Official Truth Commissions၊ စုံစမ်းစစ်ဆေးရေးကော်မရှင်များ Commission of Inquiry။
- အစိုးရကျောထောက်နောက်ခံပြုမဟုတ်တဲ့ လူထုနည်းနဲ့ဆောင်ရွက်တဲ့ အမှုမှန် (အမှန်တရား) ပေါ်ပေါက်ရေးကော်မရှင်များ Unofficial Truth Commission၊ နစ်နာသူများဗဟိုပြု ကြိုးပမ်းဆောင်ရွက်မှုများ Victims' Centered။
- အမှုမှန် (အမှန်တရား) ပေါ်ပေါက်ရေးကိစ္စရပ်များမှာ လူ့အခွင့်အရေးချိုးဖောက်မှုမှတ်တမ်းတင်တဲ့ အဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းများရဲ့ အရေးကြီးတဲ့အခန်းကဏ္ဍ Human Rights Violations Documentation Program / Project.

**အခန်း (၃) မြန်မာပြည်နှင့်အသွင်ကူးပြောင်းရေးဆိုင်ရာတရားမျှတမှုအလားအလာများ** Transitional Justice in Burma

- နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှုဖြစ်စဉ် (Nationwide Ceasefire and Peace Process)
- အစိုးရကအဆိုပြုတင်ပြသည့် အပစ်အခတ်ရပ်စဲရေးစာချုပ်ပါ လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်းသည့် ဖော်ပြချက်များ။
- ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၄၅
- ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၂

# အခန်း (၆)
# အသွင်ကူးပြောင်းရေးဆိုင်ရာ
# တရားမျှတမှုအခြေခံအယူအဆများ



# အခန်း(၁)
# အသွင်ကူးပြောင်းရေးဆိုင်ရာတရားမျှတမှုအခြေခံအယူအဆများ
# TJ Concepts

သင်ရိုးညွှန်းတမ်း (၄)

Transitional Justice: အသွင်ကူးပြောင်းရေးဆိုင်ရာတရားမျှတမှု Transitional Justice ဆိုတာဘာလဲ။

ရည်ရွယ်ချက်

- အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှုနှင့် ပတ်သက်သည့် အဓိပ္ပါယ်ဖွင့်ဆိုချက်ကို ရှင်းလင်းစွာသိရှိရန်
- အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှုလုပ်ငန်းများကို နားလည်ရန်
- တရားစီရင်ရေးဆိုင်ရာနှင့် တရားစီရင်ခြင်းနှင့် မသက်ဆိုင်သော လုပ်ငန်းအကောင်အထည်ဖော်မှုများ၊ တရားမျှတမှု ဖော်ဆောင်ရေး ပြုတင်းတံခါး ၄ ပေါက်ကို သိရှိနားလည်ရန်

လှုပ်ရှားမှု (Activity)

ပဋိပက္ခသစ်ပင် Tree of Conflict / Repression / War

(၁) သင်တန်းသူ/သင်တန်းသားများအား မတူကွဲပြားသည့် နောက်ခံအနေအထားများပေါ်မူတည်၍ အစုအဖွဲ့ငယ် ၃ ဖွဲ့ခွဲသည်။

(၂) သင်တန်းသူ/ သင်တန်းသားများအား ပြင်ဆင်ရေးဆွဲထားသည့်သစ်ပင်ကိုပြ၍ ပဋိပက္ခကို ကိုယ်စားပြုပုံဖော်သည့် သစ်ပင်တစ်ပင်ကို အတူပုံဖော်ကြမည့်အကြောင်း ရှင်းပြသည်။

(၃) ဖိနှိပ်မှုစံနစ်ကြောင့်လည်းကောင်း၊ ပြည်တွင်းစစ်ပဋိပက္ခကြောင့်လည်းကောင်း ဖြစ်ပေါ်လာသည့် သက်ရောက်မှုများ Impact of the armed conflict / repressive rules ကို အဖွဲ့ငယ်တစ်ခုမှ စဉ်းစားဆွေးနွေး၍ ရရှိသည့်အချက်များကို အသီး၊ အရွက်၊ အပွင့်စသဖြင့် စက္ကူစများပေါ်တွင် ရေးသားစေသည်။ ပဋိပက္ခ၏ အသီးအပွင့်များအဖြစ် ပုံဖော်ရန်ဖြစ်သည်။

(၄) ဖိနှိပ်မှုစံနစ်ကျင့်သုံးမှုနှင့် ပြည်တွင်းစစ်ပဋိပက္ခများကို ဖန်တီးခြင်း၊ ကြာရှည်တည်တံ့နေစေရန်ပြုလုပ်ခြင်းများတွင် မည်သူ (အဖွဲ့အစည်း) များ ပါဝင်နေပြီး သူတို့က ပဋိပက္ခကိုတာရှည်အောင် ဘယ်လိုလုပ်ဆောင်နေကြသလဲ ဆိုသည့်အကြောင်း အချက်များ Who are involved in the acts that create / sustain conflict: How they contribute or sustain the conflict ကို အဖွဲ့ငယ်တစ်ခုမှစဉ်းစားဆွေးနွေး၍ ရရှိသည့်အချက်များကို အခြားအရောင်ရှိ ထောင့်မှန်စတုဂံပုံ စက္ကူစများပေါ်တွင် ရေးသားစေသည်။ ပဋိပက္ခ၏ ပင်စည်အဖြစ် ပုံဖော်ရန်ဖြစ်သည်။

(၅) ဖိနှိပ်မှုစံနစ်ကျင့်သုံးမှုနှင့် ပြည်တွင်းစစ်ပဋိပက္ခများဖြစ်ပွားရခြင်း အခြေခံအကြောင်းအရင်းများ Underlying causes of the conflict ကို အဖွဲ့ငယ်တစ်ခုမှစဉ်းစားဆွေးနွေး၍ ရရှိသည့်အချက်များကို အခြားအရောင်ရှိ စက္ကူစများပေါ်တွင် ရေးသားစေသည်။ ပဋိပက္ခ၏အမြစ်များအဖြစ် ပုံဖော်ရန်ဖြစ်သည်။

(၆) အဖွဲ့ငယ် ၃ ဖွဲ့လုံး၏ အလုပ်ညှိကျတင်ပြမှုများကို နည်းပြမှုစုစည်းပေးသည်။ ထို့နောက် စုစည်းရရှိသည့်သတင်း အချက်အလက်များနှင့် အားလုံးဝိုင်းဝန်းပုံဖော်ထားသည့် ပဋိပက္ခသစ်ပင်အား သင်တန်းသူ/ သင်တန်းသားများက လေ့လာနိုင်ရန် နည်းပြမှ ခွင့်ပေးသည်။

လှုပ်ရှားမှု (Activity)

ပဋိပက္ခသစ်ပင်အား ငြိမ်းချမ်းရေးနှင့် တရားမျှတမှုသစ်ပင်အဖြစ် အသွင်ပြောင်းခြင်း Tree of Peace / Justice

(၇) မိမိတို့ ပကတိမြင်တွေ့နေရသည့် ပဋိပက္ခသစ်ပင်အား ငြိမ်းချမ်းရေးနှင့် တရားမျှတမှုသစ်ပင်တစ်ပင် ကြီးပြင်းလာမှုအဖြစ် အသွင်ပြောင်း၊ ပုံပြောင်းနိုင်ရန် ဘာတွေဖြစ်ဖို့ ဆောင်ရွက်ကြရန်လိုမလဲ ဆိုတာကို နည်းပြကမေး၍ သင်တန်းသူ/ သင်တန်းသားများအား စဉ်းစားစေသည်။

(၈) သင်တန်းတွင်ပါဝင်သူ အရေအတွက်ပေါ်အကဲခတ်၍ အဖွဲ့ငယ် ၂ ဖွဲ့ သို့မဟုတ် ၄ ဖွဲ့ခွဲသည်။ အောက်ပါမေးခွန်းများကို တစ်ဖွဲ့နှစ်ခုစီ သို့မဟုတ် တစ်ခုစီသော်လည်းကောင်း ဆွေးနွေး အဖြေရှာစေသည်။

- လူ့အခွင့်အရေးချိုးဖောက်ခံရသူ (သားကောင်) များ စိတ်ကျေနပ်မှုရရှိစေရန် ဆောင်ရွက်ပေးရန် လိုအပ်သည့်အချက်များ။
- လူ့အခွင့်အရေးချိုးဖောက်မှုများ ထပ်မံမဖြစ်ပွားစေရန်ဆောင်ရွက်ရမည့် လိုအပ်သောအချက်များ။
- လူ့အခွင့်အရေးချိုးဖောက်မှုကျူးလွန်သူများ ရာဇဝတ်မှုတွေကျူးလွန်ရတဲ့အကြောင်းတွေက ဘာလဲ၊ သူတို့တွေဘာဖြစ်သင့်လဲ။
- အတိတ်ကာလကသင်ခန်းစာတွေကို နောက်မျိုးဆက်တွေအနေနဲ့ ဘယ်လိုသင်ယူနိုင်မလဲ။

(၉) အဖွဲ့ငယ်များ၏ တင်ပြချက်များကို နည်းပြက စုစည်းသည်။ အချို့အချက်များသည် ရာဇဝတ်မှုဆိုင်ရာ တရားစွဲဆိုခြင်း၊ အမှုမှန်ပေါ်ပေါက်ရေး ကြိုးပမ်းဆောင်ရွက်ခြင်း၊ အစားထိုးအလျော်ပေးခြင်း၊ အစိုးရယန္တရား အသင်းအဖွဲ့များ ပြင်ဆင်ပြုပြင် ပြောင်းလဲခြင်း စသည့် အသွင်ကူးပြောင်းရေးဆိုင်ရာတရားမျှတမှု ချဉ်းကပ်ပုံ လုပ်ငန်းစဉ်များအဖြစ် မြင်တွေ့နိုင်သည်။

အကြောင်းအရာနှင့်ဆက်စပ်သည့် ဗဟုသုတပေးခြင်း (Input)

(၁၀) အသွင်ကူးပြောင်းရေးဆိုင်ရာတရားမျှတမှု ဆိုတာဘာလဲ What is the Transitional Justice၊ အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှု ချဉ်းကပ်ပုံလုပ်ငန်းစဉ်များ Transitional Justice Approaches – လေ့လာရေးမှတ်စုကို သင်တန်းသူ/သင်တန်းသားများအားပေး၍ အရေးကြီးသည့်အချက်များကို ထင်ဟပ်သည့် ဆွေးနွေးမှုများ၊ အမေးအဖြေများ ပြုလုပ်သည်။

(၁၁) တရားစီရင်ရေးဆိုင်ရာနှင့် တရားစီရင်ခြင်းနှင့် မသက်ဆိုင်သော လုပ်ငန်းအကောင်အထည်ဖော်မှုများ၊ တရားမျှတမှုဖော်ဆောင်ရေး ပြူတင်းတံခါး ၄ ပေါက်ကို သိရှိနားလည်နိုင်ရန်နိဒါန်းပျိုးတင်ပြရှင်းလင်းသည်။

နောက်ဆက်တွဲ။ ။ လေ့လာရေးမှတ်စု Hand Out

အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှု ချဉ်းကပ်ပုံလုပ်ငန်းစဉ်များ Transitional Justice Approaches – လေ့လာရေး မှတ်စု

## What is Transitional Justice?
## အသွင်ကူးပြောင်းရေးဆိုင်ရာတရားမျှတမှုဆိုတာဘာလဲ

အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှုဆိုသည်မှာ စံနစ်တကျ သို့မဟုတ် ကျယ်ကျယ်ပြန့်ပြန့်ဖြစ်သော လူ့အခွင့်အရေးချိုးဖေါက်မှုများကို တုန့်ပြန်ဆောင်ရွက်မှု တစ်ခုပင်ဖြစ်သည်။ အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှုသည် လူ့အခွင့်အရေး ချိုးဖေါက်ခံရသည့် နစ်နာသူများ (သားကောင်ဖြစ်ရသူများ) အတွက် အသိအမှတ်ပြုခြင်းနှင့် ငြိမ်းချမ်းရေး၊ ပြန်လည်ရင်ကြားစေ့ရေးနှင့် ဒီမိုကရေစီရေးတို့အတွက် ဖြစ်နိုင်ချေ အလားအလာများမြှင့်တင်ခြင်းတို့ကို ရှာဖွေ ကြိုးပမ်းလုပ်ဆောင်သည်။ အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှုသည် တရားမျှတမှုအထူးပုံစံတစ်ခုမဟုတ်ပဲ အကျယ်အပြန့်ဖြစ်ပွားသော လူ့အခွင့်အရေးချိုးဖေါက်မှုကာလတစ်ရပ်ပြီးနောက်အသွင်ကူးပြောင်းသွားသည့် လူ့အဖွဲ့အစည်းများကို လိုက်လျောညီထွေ နေသားတကျဖြစ်စေသည့် တရားမျှတမှုမျိုးဖြစ်သည်။ အချို့ကိစ္စရပ်များတွင် ဤအသွင်ကူးပြောင်းမှုများသည် ရုတ်ခြည်းဖြစ်တတ်ပြီး အခြားနေရာများတွင် ဆယ်စုနှစ်များစွာမက အချိန်ကြာမြင့်တတ်သည်။

ဤချဉ်းကပ်ဆောင်ရွက်မှုသည် ၁၉၈၀ ခုနှစ်များ နောက်ပိုင်းနှင့် ၁၉၉၀ ခုနှစ်များ အစောပိုင်းကာလတို့တွင် ပေါ်ပေါက်ခဲ့ပြီး အဓိကအားဖြင့် လက်တင်အမေရိကနှင့် အရှေ့ဥရောပအတွင်း နိုင်ငံရေးဆိုင်ရာအပြောင်းအလဲများကို တုန့်ပြန်မှုနှင့် တရားမျှတမှုအတွက် ဤဒေသကြီးများအတွင်း တောင်းဆိုမှုများ ပြုလုပ်ခဲ့ကြသည်။ ၎င်းအချိန်တွင် လူ့အခွင့်အရေး တက်ကြွလှုပ်ရှားသူများနှင့် အခြားသူများကလွန်ခဲ့သောအစိုးရများကို ကိုယ်တိုင်စံနစ်တကျ ပြုလုပ်ကျူးလွန်ခဲ့ကြသည့် လူ့အခွင့်အရေးချိုးဖေါက်မှုများကို ကိုင်တွယ်စစ်ဆေးရန် ဆန္ဒရှိခဲ့ကြသည်။ သို့ရာတွင် နိုင်ငံရေးအရပြုပြင်ပြောင်းလဲမှု ဆောင်ရွက်နေသော အသွင်ပြောင်းမှုဖြစ်စဉ်ကို အန္တရာယ်ဖြစ်စေခြင်းမရှိစေပဲ ပြုလုပ်လိုကြခြင်းဖြစ်သည်။ ဤအပြောင်း အလဲများကို 'ဒီမိုကရေစီသို့အသွင်ကူးပြောင်းခြင်းများ' ဟု လူသိထင်ရှား ပြောဆိုခေါ်ဝေါ်နေစဉ်ကတည်းက ဤနည်း လမ်းပေါင်းစုံဖြင့် ချဉ်းကပ်လုပ်ဆောင်လျှက်ရှိသည့် လုပ်ငန်းနယ်ပယ်ကို 'အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှု' ဟု လူတို့က စတင်ခေါ်ဝေါ်ခဲ့ကြသည်။

အစိုးရများက ရေးဆွဲချမှတ်ဖေါ်ဆောင်ခဲ့သည့် များစွာသောလုပ်ဆောင်မှုများသည် အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှုကို အခြေခံချဉ်းကပ်ဆောင်ရွက်မှုများ ဖြစ်စေခဲ့သည်။ အောက်ပါ ကြိုးပမ်းဆောင်ရွက်မှုများ ပါဝင်သည်။

**ရာဇဝတ်မှုဆိုင်ရာ တရားစွဲဆိုခြင်းများ** (Criminal Prosecutions)
လူ့အခွင့်အရေးချိုးဖေါက်မှုများအတွက် တာဝန်ရှိသူများအား တရားရေးဆိုင်ရာ စံနစ်တကျစုံစမ်းစစ်ဆေးမှု ပြုလုပ်ခြင်းများ ဖြစ်သည်။ တရားစွဲဆိုသူများ (တရားလိုပြုသူများ) သည် မကြာခဏဆိုသလိုပင် အစုအပြုံလိုက်ဖြစ်သော သို့မဟုတ် စံနစ်တကျ စီမံပြုလုပ် ကျူးလွန်သော ရာဇဝတ်မှုများနှင့်ပတ်သက်၍ အများဆုံး တာဝန်ရှိသည်ဟု သံသယရှိသူများ (ငါးကြီးကြီး) တို့၏ စုံစမ်းစစ်ဆေးမှုများကိုသာ အာရုံစူးစိုက်လုပ်ဆောင်ကြသည်။

**အမှုမှန် (အမှန်တရား) ပေါ်ပေါက်ရေးကော်မရှင်များ** (Truth Commissions)
ဤစုံစမ်းစစ်ဆေးရေးကော်မရှင်များအနေဖြင့် မကြာသေးမီကာလက လူ့အခွင့်အရေးချိုးဖေါက်မှုများ၏ အဓိကကျသော အချိန်ပိုင်းများအတွင်း ဖြစ်စဉ်ဖြစ်ရပ်များအပေါ် စံနစ်တကျစုံစမ်းစစ်ဆေးခြင်းနှင့် ပြန်လည်တင်ပြ အစီရင်ခံခြင်း စသည့် အခြေခံရည်ရွယ်ချက်များ ရှိသည်။ ကော်မရှင်များသည် များသောအားဖြင့် အစိုးရမှ တရားဝင်ဖွဲ့စည်းတည်ထောင် ပေးသော အစုအဖွဲ့များ ဖြစ်ပြီး အချို့သော လူ့အခွင့်အရေးချိုးဖေါက်မှုများအတွက် ကုစားမှုများပေးရန်နှင့် အလားတူ ဖြစ်ရပ်များနောက် တစ်ကြိမ်ထပ်မံ ဖြစ်ပွားမှု မရှိစေရေး အတွက် ကြိုတင်ကာကွယ်ပေးရန် တို့အတွက် ထောက်ခံအကြံပြု တင်ပြချက်များ ပြုလုပ်ကြသည်။

**အလျော်ပေးခြင်းများဆိုင်ရာ လုပ်ငန်းအစီအစဉ်များ** (Reparations Programs)
ဤလုပ်ငန်းအစီအစဉ်များသည် နိုင်ငံတော်အစိုးရမှ ကမကထပြုလုပ်ဆောင်ရွက်သော ကြိုးပမ်းလုပ်ဆောင်မှုများဖြစ်ပြီး အတိတ်ကာလ လူ့အခွင့်အရေးချိုးဖေါက်မှုတို့၏ ပျက်စီးယိုယွင်းသွားသောရုပ်ဝတ္ထုပစ္စည်း ပိုင်ဆိုင်မှုပိုင်းဆိုင်ရာနှင့် စိတ်ဓာတ်ပိုင်းဆိုင်ရာပြိုကွဲမှုများကို ပြန်လည်ပြုပြင်ရန် အထောက်အကူဖြစ်စေသည်။ ဤလုပ်ငန်းအစီအစဉ်များက ထုံးစံအရ လူ့အခွင့်အရေးချိုးဖေါက်ခံရသည့် နစ်နာသူများကို ရုပ်ဝတ္ထုပစ္စည်းပိုင်ဆိုင်မှုနှင့် အထိမ်းအမှတ်ဆိုင်ရာ ထောက်ပံ့မှုနှင့် အကျိုးကျေးဇူးများကို ဆောင်ရွက်ပေးသည်။ အစိုးရထောက်ပံ့မှုများတွင် ငွေကြေးဆိုင်ရာအလျော်ပေးခြင်းနှင့် အစိုးရ၏ တရားဝင်လူသိရှင်ကြား တောင်းပန်မှုပြုခြင်းတို့ ပါဝင်သည်။

**လိင်ကွဲပြားမှုအပေါ် အခြေခံချဉ်းကပ်သော တရားမျှတမှု** (Gender Justice)
လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုနှင့် လိင်ကွဲပြားမှုအပေါ်အခြေခံပြီးခွဲခြားဖိနှိပ်သော အကြမ်းဖက်မှုများအတွက် ပြစ်ဒဏ်ပေးခံရခြင်းမှကင်းလွတ် ခွင့်ရနေသည့်ဓလေ့ (impunity) ဖြစ်နေခြင်းကို ဤတရားမျှတမှုဖေါ်ဆောင်ရေးကြိုးပမ်းအားထုတ်မှုများက စိန်ခေါ်လျှက်ရှိသည်။ လူ့အခွင့်အရေးချိုးဖေါက်မှုများကို တရားသဖြင့် အမှန်အတိုင်းဖြစ်စေရန် အမျိုးသမီးများ၏ တန်းတူညီမျှရရှိ ခံစားပိုင်ခွင့်ကို သေချာစေရန်လည်း ဖြစ်သည်။

**လုံခြုံရေးစံနစ်/ တပ်ဖွဲ့များ ပြုပြင်ပြောင်းလဲမှု** (Security System Reform)
ဤကြိုးပမ်းအားထုတ်မှုများသည် စစ်တပ်၊ ရဲတပ်ဖွဲ့၊ တရားစီရင်ရေးဆိုင်ရာလုပ်ငန်းများနှင့် အစိုးရဗျူရိုကရေစီလုပ်ငန်း အသင်းအဖွဲ့များနှင့် ဆက်စပ်ပတ်သက်သည့်ဌာနများအား ဖိနှိပ်ရေးနှင့်လာဘ်ပေးလာဘ်ယူ အကျင့်ပျက်ခြစားမှု ကိရိယာများအဖြစ်မှ ပြည်သူလူထုအား ဝန်ဆောင်မှုနှင့် တည်ကြည်၍ဂုဏ်သိက္ခာရှိမှု ကိရိယာများအဖြစ်သို့ အသွင်ကူးပြောင်းစေရန် ကြိုးပမ်းဆောင်ရွက်သည်။

**အထိမ်းအမှတ်ပြုပေးခြင်းဆိုင်ရာ ကြိုးပမ်းအားထုတ်မှုများ** (Memorialization Efforts)
ဤကြိုးပမ်းအားထုတ်ဆောင်ရွက်မှုများတွင် ပြတိုက်များနှင့် အထိမ်းအမှတ်ပြုပေးခြင်းများပါဝင်ပြီး လူ့အခွင့်အရေးချိုး ဖေါက်ခံရသည့် နစ်နာသူများ၏ လူထုတစ်ရပ်လုံးက မှတ်မိသတိရမှုကိုတည်တံ့စေရန် ထိန်းသိမ်းခြင်းနှင့် အတိတ်ကာလ လူ့အခွင့်အရေးချိုးဖေါက်မှု အကြောင်းအရာများနှင့်ပတ်သက်သည့် ကျင့်ဝတ်ပိုင်းဆိုင်ရာသတိပြုမှုကို မြှင့်တင်ရန်တို့ဖြစ်ပြီး အလားတူဖြစ်ရပ်ဆိုးများ တစ်ကျော့ပြန် ဖြစ်ပွားမှုမှကာကွယ်ရန် တံတိုင်းတစ်ခုအဖြစ် တည်ဆောက်ရန် အလို့ငှာလည်း ဖြစ်သည်။

ဤကြိုးပမ်းဆောင်ရွက်မှုများကို အသွင်ကူးပြောင်းရေးဆိုင်ရာတရားမျှတမှု ကြိုးပမ်းအားထုတ်ခြင်းများအတွက် အခြေခံ တစ်ရပ်ပုံဖေါ်ဖွဲ့စည်းရန်ဟု ကျယ်ကျယ်ပြန့်ပြန့်နားလည်ထားကြသည် ဆိုသော်ငြားလည်း ဤဆောင်ရွက်မှုများမှာ တစ်ခု တည်းသီးသန့်ဖြစ်သောစာရင်းတစ်ခုတော့မဟုတ်။ လူ့အဖွဲ့အစည်း အတော်များများက အတိတ်ကာလ လူ့အခွင့်အရေး ချိုးဖေါက်မှုတို့အတွက် အခြားသောတီထွင် ဆန်းသစ်ထားသည့် ချဉ်းကပ်ဆောင်ရွက်မှုများကို တိုးချဲ့ပြုလုပ်ခဲ့ကြသည်။ အကြောင်းပြချက်တစ်ရပ်မှာ ဤချဉ်းကပ်လုပ်ဆောင်မှု နယ်ပယ်တွင် အားသာချက်နှင့်မတူကွဲပြားမှုများ နှစ်ခုစလုံးကို နှစ်ပေါင်းများစွာကြာမြင့်လာသည့်အခါ တွေ့ရှိရခြင်းကြောင့် ဖြစ်သည်။

**တစ်ခုလုံးဆိုင်ရာ ချဉ်းကပ်မှု**

(A Holistic Approach)

ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပွားသော လူ့အခွင့်အရေးချိုးဖေါက်မှုများအား ကိုင်တွယ်ဖြေရှင်းခြင်းသည် လက်တွေ့အားဖြင့် အခက်အခဲများစွာကို ဖြစ်စေကြောင်း တွေ့ရှိရသည်။ နိုင်ငံတစ်ခု၏ နိုင်ငံရေးဆိုင်ရာမျှခြေသည် သိမ်မွေ့နူးညံ့ပြီး ထိခိုက်ကွဲရှလွယ်သော အနေအထား ဖြစ်ခြင်း၊ အစိုးရတစ်ရပ်အနေဖြင့် ကျယ်ပြန့်များပြားလှစွာသော အားထုတ်ကြိုးပမ်းဆောင်ရွက်မှုများကို ဆက်လက်လုပ်ဆောင်ရန် စိတ်ပါလက်ပါမရှိခြင်း သို့မဟုတ် ၎င်း၏ကိုယ်ပိုင်တည်ငြိမ်မှုအခြေအနေမှာ စိုးရိမ်ရသည့် စွန့်စားလုပ်ဆောင် ရနိုင်ဖွယ်ရှိသည့် အနေအထားမျိုးကို ထည့်သွင်းတွက်ချက်မှုမျိုးမပြုပဲနှင့် လုပ်နိုင်စွမ်းမရှိသည် မျိုးဖြစ်ခြင်းလည်း ဖြစ်ကောင်းဖြစ်လိမ့်မည်။

အတိတ်ကာလ လူ့အခွင့်အရေးချိုးဖေါက်မှုများမှဖြစ်ပေါ်သော များပြားလှသည့်ပြဿနာများမှ များသောအားဖြင့် လွန်စွာ ရှုပ်ထွေးလှပြီး အရေးယူဆောင်ရွက်ခြင်းတစ်ခုဖြင့် ဖြေရှင်းရန်အတွက် တရားစီရင်ရေးဆိုင်ရာ အတိုင်းအတာ ဖြစ်သည့် တရားစီရင် စစ်ဆေးခြင်းဖြင့် ပြုလုပ်ကြသော်လည်း လုံလောက်သည့်ပုံ မတွေ့ရချေ။ အကယ်၍ ထောင်နှင့်ချီသည့် သို့မဟုတ် ထောင်ပေါင်း ရာဂဏန်းနှင့်ချီရှိသည့် လူ့အခွင့်အရေး ချိုးဖေါက်ခံရသည့်နစ်နာသူများနှင့် ပြစ်မှုကျူးလွန်သူများ ရှိသည်ဆိုပါက တရားရုံးများတွင် မှန်ကန်မျှတစွာ ဤပြစ်မှုဆိုင်ရာများကို ကိုယ်တွယ်စီရင်ရန် မည်ကဲ့သို့လုပ်ဆောင် နိုင်မည်နည်း – အထူးသဖြင့် အချို့ပြဿနာ ကိစ္စရပ်များတွင် ထိုတရားရုံးများက အားနည်းချက်များရှိပြီး အကျင့်ပျက်ခြစားမှုများလည်း ရှိနေသေးသည်။ အကယ်၍ တရားရုံးများက တစ်ဦးချင်း၏ပြစ်မှု ကျူးလွန်မှု အကြောင်းအရာများ အတွက် ထိုက်တန်သည့် ပြစ်ဒဏ်ပေးမှုကိုပြုရန် တရားစွဲဆိုခြင်းကို ပြုလုပ်နိုင်သည့်တာဝန်ကို လုပ်ဆောင်ရန်အားကောင်း လုံလောက်သည့်အနေအထားရှိသည်ဆိုသည့်တိုင်အောင် လူမှုဆိုင်ရာ ပြိုကွဲပျက်စီးမှုများကို ပြန်လည် တည်ဆောက်ရန် လိုအပ်ချက်အရ အခြားကြိုးပမ်းအားထုတ်မှုများ လိုအပ်လျှက်ရှိသည်။

လက်တွေ့ဖြတ်သန်းမှု ဆယ်စုနှစ်နှစ်ခုကြာပြီးနောက် အတွေ့အကြုံများက ထိရောက်အားကောင်းသည့် အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှုဖြစ်စေရန် များပြားလှသောဆောင်ရွက်ချက်များ ပါဝင်သင့်ကြောင်း အကြံပြုနိုင်ခဲ့ပြီး၊ တခုကို တခုက အားဖြည့်ပေးသည်။ တစ်ခုတည်းဆောင်ရွက်သောနည်းလမ်းအတွက် အခြားဆောင်ရွက်ဖွယ်နည်းလမ်းများဖြင့် ပေါင်းစပ်လုပ်ဆောင်မှု မပြုလုပ်ချိန်တွင် ၎င်းလုပ်ဆောင်မှုသည် ထိရောက်မှုမရှိပေ။

အမှုမှန် (အမှန်တရား) ဖွင့်ဟဖေါ်ထုတ်ခြင်း သို့မဟုတ် အလျော်ပေးခြင်း ကြိုးပမ်းအားထုတ်မှုများ မပါရှိပဲနှင့်၊ ဥပဒေအားဖြင့် ပြစ်မှုကျူးလွန်သူအရေအတွက်အနည်းငယ်မျှကို ပြစ်ဒဏ်ပေးခြင်းက ‘နိုင်ငံရေးဆိုင်ရာ လက်တုန့်ပြန်လက်စားခြေမှု’ ပုံစံတစ်မျိုး အသွင်အမြင်ရောက်ရှိစေသည်။ အမှုမှန် (အမှန်တရား) ဖွင့်ဟဖေါ်ထုတ်ခြင်း၊ လူ့အခွင့်အရေး ချိုးဖေါက်သူများကို ပြစ်ဒဏ်ပေးရန် ကြိုးပမ်းအားထုတ်မှုများမှ သီးခြားဖြစ်ခြင်းနှင့် အစိုးရအဖွဲ့အစည်းများကို ပြန်လည်ပြင် ဆင်ဖွဲ့စည်းခြင်းပြုလုပ်ရန်တို့ကို သုံးသပ်ကြည့်ရာတွင်စကားလုံးများဖြင့် ဖေါ်ပြရန် မရှိသလိုပင်ဖြစ်သည်။ တရားစွဲဆို ခြင်းများ သို့မဟုတ် အမှုမှန် (အမှန်တရား) ကို ဖွင့်ဟဖေါ်ထုတ်ခြင်းတို့နှင့်ချိတ်ဆက်ပတ်သက်ခြင်း မရှိသော အလျော်ပေးခြင်းများမှာ ‘သွေးစွန်းသောငွေကြေး’ အဖြစ် သတိမူတွေးဆစရာ ဖြစ်လာသည်။ လူ့အခွင့်အရေးချိုးဖေါက်ခံရ သည့်နစ်နာသူများထံမှ အမှန်တရား ဖွင့်ဟဖေါ်ထုတ်မှုမပြုတော့ဘဲ တိတ်ဆိတ်နေခြင်းနှင့် မျက်စိမှိတ်လိုက်လျော သဘောတူညီမှုတို့ကို ဝယ်ယူရန်ကြိုးစားမှုလည်း ဖြစ်ပေါ်နိုင်သည်။ အလားတူပင် တရားမျှတမှု၊ အမှုမှန် (အမှန်တရား) ပေါ်ပေါက်ရေးနှင့် အလျော်ပေးခြင်းတို့နှင့်ပတ်သက်သည့် လူ့အခွင့်အရေးချိုးဖေါက်ခံရသူ နစ်နာသူများ၏ တရားဝင် မျှော်လင့်ချက်များကို ကျေနပ်နှစ်သိမ့်မှု ရှိစေရန် ကြိုးစားမှုများမပါရှိပဲနှင့် အစိုးရလုပ်ငန်းယန္တယား၊ အစုအဖွဲ့များကို ပြင်ဆင်ပြောင်းလဲ ဖွဲ့စည်းခြင်းမှာလည်း တာဝန်ယူ၊ တာဝန်ခံမှု (accountability) နှင့် ပတ်သက်သည့်ရပ်တည်ချက်မှ ထိရောက်အားကောင်းမှု ဖြစ်စေမည်မဟုတ်ပဲ အသွင်ကူးပြောင်းရေးဆိုင်ရာတရားမျှတမှု စကားလုံး အသုံးအနှုန်းအဓိပ္ပါယ်များ ကို ပြည့်စုံ အောင်မြင်မည့် ပုံလည်း မတွေ့ရချေ။

အရေးကြီးသည့်အချက်တစ်ခုအနေဖြင့် အသွင်ကူးပြောင်းရေးဆိုင်ရာတရားမျှတမှုကို ဒီမိုကရေစီဖေါ်ဆောင်ရေးနှင့် ငြိမ်းချမ်းရေးတို့အတွက် အားကောင်းစေရန် ဒီဇိုင်းပုံစံချဆောင်ရွက်လုပ်ကိုင်သင့်သည်။ ၎င်းတို့မှာ လူ့အဖွဲ့အစည်းများ၏ သော့ချက်ကျသော ပန်းတိုင်များဖြစ်ပြီး အစုအပြုံလိုက် ထုထည်နှင့်ကျူးလွန်ခဲ့သော လူ့အခွင့်အရေးချိုးဖေါက်မှုများ၏ ကာလများအပြီး ဆွဲထုတ်ဆောင်ရွက်ရမည့် ကိစ္စအကြောင်းအရာများလည်း ဖြစ်သည်။ ဤရည်မှန်းချက်ပန်းတိုင်များ ရောက်ရှိရန်မှာ လူ့အခွင့်အရေး ချိုးဖေါက်ခံရသည့် နစ်နာသူအုပ်စုများနှင့် အခြေခံပြည်သူလူထုတို့၏ တက်ကြွသော နှီးနှောဖလှယ်မှု၊ ပါဝင်ပတ်သက်ခွင့်ရရှိမှုတို့ဖြင့်သာ ရရှိနိုင်မည်။ လူ့အဖွဲ့အစည်းတစ်ခု၏ ရွေးချယ်ဆောင်ရွက်ရန် ကိစ္စများ ထိရောက်အားကောင်းစေရန်မှာ လူ့အခွင့်အရေး ချိုးဖေါက်မှုကာလတရပ်မှ ရုန်းကန်ပေါ်ထွန်းခဲ့သည့် အခြားသောလူ့အဖွဲ့အစည်းများ၏ အတွေ့အကြုံများကို အလေးအနက်ထား စူးစမ်းရှာဖွေစစ်ဆေး ကြည့်ရှုခြင်းဖြင့်အခြေခံဆောင်ရွက်ရန်ဖြစ်သည်။ အသွင်ကူးပြောင်းဆဲ လူ့အဖွဲ့အစည်းများက ကြိုးပမ်းလုပ်ကိုင်ရသည့် ရှောင်ရှားသင့်သော အမှားအယွင်းများကိုထပ်မံဖြစ်ပွားခြင်းမရှိစေရန်လည်း ဤစူးစမ်းလေ့လာမှုက လျှော့ချပေးနိုင်သည်။

နောက်ဆုံးအားဖြင့် အလုံးစုံဖြစ်သောချဉ်းကပ်ဆောင်ရွက်မှုသည် အကြောင်းအချက်များပြည့်စုံစေရန် ထည့်သွင်းတွက် ချက်ထားပြီးလူ့အခွင့်အရေးချိုးဖေါက်မှုများအတွက် ကိုင်တွယ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ကျိုးကြောင်းဆက်စပ် ညွှန်ပြပေသည်။

လိင်ကွဲပြားမှုအပေါ်အခြေခံသော တရားမျှတမှုချဉ်းကပ်ပုံသည် ဗဟိုဆုံရပ်ထားလုပ်ဆောင်သင့်သည့် ကိစ္စတစ်ရပ်ဖြစ်ပြီး ပဋိပက္ခနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများကို အမျိုးသမီးများနှင့်အမျိုးသားများတို့ မတူကွဲပြားခြားနားစွာ မည်သို့ကြုံ တွေ့ကြရသည်ကို ရှာဖွေဖေါ်ထုတ်ခြင်းလည်း ဖြစ်ပေသည်။ လိင်ကွဲပြားမှုအပေါ် အခြေခံသော တရားမျှတမှုရှာဖွေခြင်း တွင် လိင်ကွဲပြားမှုအပေါ်အခြေခံပြီး ခွဲခြားဖိနှိပ်ကျူးလွန်သော လူ့အခွင့်အရေး ချိုးဖောက်မှုများအတွက် တရားစွဲဆိုခြင်းများ၊ မတူကွဲပြားသောအမျိုးသမီးအုပ်စုများနှင့် သူတို့၏ မိသားစုဝင်များကို အလျော်ပေး ဆောင်ရွက်ခြင်းများ၊ အမျိုးသမီးများ၏ ပဋိပက္ခအတွင်း တွေ့ကြုံခံစားခဲ့ရမှုများကို အသိအမှတ်ပြုသည့်အထိမ်းအမှတ်ပြုခြင်းများနှင့် လူသားလုံခြုံရေးဆိုင်ရာလိုအပ်ချက်များနှင့် တရားမျှတမှုကို အမျိုးသမီးများရရှိ ခံစားခွင့်ရှိမှု မြှင့်တင်ဆောင်ရွက်ရေး လုပ်ဆောင်ရမည့် အစိုးရအသင်းအဖွဲ့များ ပြုပြင်ပြောင်းလဲဖွဲ့စည်းခြင်းတို့ ပါဝင်သည်။

## အပြည်ပြည်ဆိုင်ရာ ဥပဒေတွင်းရှိ အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှု
(Transitional Justice in International Law)

အသွင်ကူးပြောင်းရေးဆိုင်ရာတရားမျှတမှု လုပ်ငန်းနယ်ပယ်ကိုချဲ့ထွင်ခြင်းနှင့် တစ်မျိုးတည်းမက ပုံစံများခွဲလုပ်ရာတွင် အပြည်ပြည်ဆိုင်ရာဥပဒေအတွင်း အရေးကြီးသောအခြေခံအုတ်မြစ်တစ်ရပ် ထားရှိလုပ်ဆောင်သည်။ အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှုအတွက် ဥပဒေအရတရားဝင်ဖြစ်သော အခြေခံအစိတ်အပိုင်းမှာ ဗဲလ်လစကွိဇ် ရော့ဒ်ရီရုဇ်နှင့် ဟွန်ဒူးရပ်ပြစ်မှုကို အမေရိကန်နိုင်ငံတွင်းဆိုင်ရာ လူ့အခွင့်အရေးတရားရုံး၏ ၁၉၈၈ ခုနှစ် ဆုံးဖြတ်ချက်ဖြစ်သည်။ ၎င်း ပြစ်မှုကိစ္စရပ်တွင် တရားရုံးက တိုင်းပြည်နိုင်ငံတိုင်းသည်လူ့အခွင့်အရေးဆိုင်ရာနယ်ပယ်တွင် အခြေခံကျသော တာဝန်ဝတ္တရားကြီးလေးရပ်ရှိကြောင်း ဖေါ်ပြပြီး ၎င်းတို့မှာ

- လူ့အခွင့်အရေးချိုးဖောက်မှုများကို ကာကွယ်တားဆီးရန်ကြောင်းကျိုးဆီလျော်သော လုပ်ဆောင်မှု ခြေလှမ်း အဆင့်များကို ပြုလုပ်ရန်။
- လူ့အခွင့်အရေးချိုးဖောက်မှုများ ဖြစ်ပွားသည့်အချိန်တွင် ထိုချိုးဖောက်မှုများကို အထူးအလေးအနက် ထား၍ စံနစ်တကျ စုံစမ်းစစ်ဆေးမှုကို ပြုလုပ်ရန်။
- လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် တာဝန်ရှိသူများအပေါ် သင့်တော်ကိုက်ညီသည့် ပြစ်ဒဏ်ခတ် အရေးယူမှုများ ချမှတ်ခြင်းနှင့်
- လူ့အခွင့်အရေးချိုးဖောက်ခံရသည့် နစ်နာသူ (သားကောင်ဖြစ်ရသူများ) အတွက် အလျော်ပေးမှုများကို သေချာအောင်ပြုပေးရန် တို့ဖြစ်သည်။

ထိုအခြေခံမှုများကို တိကျပြတ်သားစွာ အခိုင်အမာအတည်ပြုခဲ့ပြီးနောက် ဆုံးဖြတ်ချက်များကို တရားရုံးကပြုလုပ်ခဲ့ပြီး လူ့အခွင့်အရေးဆိုင်ရာ ဥရောပတရားရုံးနှင့် ကမ္ဘာ့ကုလသမဂ္ဂ သဘောတူစာချုပ်ဆိုင်ရာ အဖွဲ့အစည်းများဖြစ်သည့် လူ့အခွင့်အရေးကော်မတီတို့ကလည်း ဆုံးဖြတ်ချက်များကို ထောက်ခံအတည်ပြု လက်မှတ်ရေးထိုးခဲ့ကြသည်။ ၁၉၉၈ ခုနှစ်က ဆန်းသစ်တီထွင် ဆောင်ရွက်ချက်ဖြစ်သည့် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုတရားရုံးမှာလည်း သိသာထင်ရှားခဲ့သည့်ကိစ္စ ရပ်ဖြစ်ပြီး တရားရုံးတော်၏ ဥပဒေပြဋ္ဌာန်းချက်သည် ပြစ်ဒဏ်ပေးခံရခြင်းမှ ကင်းလွတ်ခွင့်ရနေသည့် ဓလေ့ကို တိုက်ဖျက်ရန် မဖြစ်မနေအရေးကြီးလှသည့် တိုင်းပြည် နိုင်ငံများ၏ တာဝန်ဝတ္တရားများနှင့် လူ့အခွင့်အရေးချိုးဖောက်ခံရသူ များ၏ ရပိုင်ခွင့် အခွင့်အရေးများအတွက် လေးစားမှုရှိရန် တန်ဖိုးထား ထိန်းသိမ်းပေးသည်။

## ရှေ့သို့ မှန်းမျှော်ကြည့်ကြပါစို့
(Looking Ahead)

အသစ်ရင်ဆိုင်ရသည့် လက်တွေ့ဖြစ်သောစိန်ခေါ်မှုများက အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှုလုပ်ငန်းနယ်ပယ်ကို ထိုးထွင်းကြံဆတီထွင်ရန် တွန်းအားပေးသည်။ အာဏာရှင်စံနစ်ကျဆုံးပြီးသွားသည့် အာဂျင်တီးနားနှင့် ချီလီနိုင်ငံများမှသည် သော့ချက်ကျအရေးကြီးလှသည့် ငြိမ်းချမ်းရေးတည်ဆောက်မှုဆိုင်ရာကိစ္စများ လုပ်ဆောင်နေရသည့် ဘော့စနီးယား၊ ဟာဇီကိုဘီးနား၊ လိုင်ဘေးရီးယားနှင့် ဒီမိုကရက် တစ်ကွန်ဂိုပြည်သူ့သမ္မတနိုင်ငံတို့ရှိ လူ့အဖွဲ့အစည်းများဆီအထိ အစီအစဉ်များက ရွေ့လျားပြောင်းလဲလျှက် ရှိသည်။ တိုင်းရင်းသားမျိုးဖြုတ်သုတ်သင် ရှင်းလင်းခြင်းနှင့် အိုးအိမ်မဲ့ ရွှေ့ပြောင်း အခြေချနေထိုင်ရခြင်းများ၊ ယခင်က ညတိုက်ခိုက်ရေး တပ်ဖွဲ့များတွင်ပါဝင်ခဲ့သည့် စစ်သည်ဟောင်းများအား ပြန်လည်ပေါင်းစည်းနေရာချထားရေး၊ လူမှုအသိုင်းအဝန်းများအတွင်း ပြန်လည်ရင်ကြားစေ့ရေးနှင့်ငြိမ်းချမ်းရေးတည်ဆောက်မှုအတွင်း တရားမျှတမှု၏ အခန်းကဏ္ဍမှာ အရေးကြီးသော အကြောင်းကိစ္စရပ် အသစ်များ ဖြစ်လာသည်။

အသွင်ကူးပြောင်းရေးဆိုင်ရာတရားမျှတမှုကို လက်တွေ့ကျွမ်းကျင်စွာလုပ်ဆောင်သူများအနေဖြင့် ဒေသတွင်းဆိုင်ရာ သို့မဟုတ် မိရိုးဖလာယဉ်ကျေးမှုနှင့်ဆိုင်သောတရားမျှတမှု ဆောင်ရွက်လုပ်ဆောင်ချက်များကိုလည်း တွေ့ကြုံလုပ်ကိုင် ကြရသည်။ အချို့သော နိုင်ငံများတွင် ဆီရီယာလီယွန်းနှင့် ယူဂန်ဒါကဲ့သို့သော တိုင်းပြည်များရှိ လူမှုအသိုင်းအဝန်းများ အနေဖြင့် ယဉ်ကျေးမှုဆိုင်ရာ ဓလေ့ထုံးတမ်းများကို

အသုံးပြု၍ စစ်မက်ဖြစ်ပွားသောအုပ်စုများ၏ ပြန်လည်ရင်ကြားစေ့ရေးကို သို့မဟုတ် ယခင်တိုက်ခိုက်ရေး တပ်ဖွဲ့ဝင်များအကြားပြန်လည် ပေါင်းစည်းရေးကို ပြုလုပ်မြှင့်တင်ဆောင်ရွက်လို ကြသည်။ အချို့သောကိစ္စရပ်များတွင် အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှု၏ အခန်းကဏ္ဍက အလုံးစုံသောချဉ်း ကပ်ဆောင်ရွက်မှုပြုလုပ်ရန် သေချာစေသည်။ တခုဖြစ်နိုင်သည်မှာ ယဉ်ကျေးမှုဓလေ့ထုံး တမ်းဆိုင်ရာ ဆောင်ရွက်ချက် ပါဝင်သလို အခြားသော အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှုလုပ်ငန်း ဆောင်ရွက်ချက်များအား အသုံးပြုရန် ဖြစ်နိုင် ချေတို့ကို ချန်လှပ်မထားရန်ဖြစ်သည်။

အခြေခံအားဖြင့် အတိတ်ကာလက ကြီးမားကျယ်ပြန့်စွာဖြစ်ပွားခဲ့သော လူ့အခွင့်အရေးချိုးဖေါက်မှုများကို ကိုယ်တွယ်ဖြေ ရှင်းရန်အတွက် တစ်ခုတည်းသောပုံစံဖေါ်မျူလာ ရှိသည်မဟုတ်ပေ။ အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှု ချဉ်းကပ် ဆောင်ရွက်မှုများအားလုံးသည် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေး အခြေခံယုံကြည်မှုအပေါ်တွင် အခြေပြုထားသည်။ သို့ရာတွင် နောက်ဆုံးအားဖြင့် လူ့အဖွဲ့အစည်း တခုချင်းစီက သူတို့၏ကိုယ်ပိုင်လမ်းကြောင်းကို အတိအကျ ရွေးချယ်ရမည်သာ ဖြစ်သင့်သည်။

အချိန် – ၃ နာရီ

**အထောက်အကူပြုပစ္စည်းများ**

- ရေသောက်မြစ်၊ ပင်စည်နှင့် အကိုင်းအခက်များပါဝင်သည့် သစ်ပင်တစ်ပင်၏ ကောက်ကြောင်းပုံ စာရွက်ကြီး
- ရောင်စုံစက္ကူစများ (သစ်ရွက်၊ အသီး၊ အပွင့်ပုံများ) (ပင်စည်တွင်ကပ်ရန်) (ရေသောက်မြစ်တွင်ကပ်ရန်)
- Flip Charts / Marker Pen / Paper Tapes
- လေ့လာရေးစာမှတ်စု – အသွင်ကူးပြောင်းရေးဆိုင်ရာတရားမျှတမှုလုပ်ငန်းများ၊ ချဉ်းကပ်ဆောင်ရွက်မှုပုံစံများ
- Transitional Justice Fact Sheet

# အခန်း (၆)
# အသွင်ကူးပြောင်းရေးဆိုင်ရာ
# တရားမျှတမှု အခြေခံအယူအဆများ

# အခန်း(၁)
# အသွင်ကူးပြောင်းရေးဆိုင်ရာတရားမျှတမှုအခြေခံအယူအဆများ
# TJ Concepts

သင်ရိုးညွှန်းတမ်း (၄)
အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှုလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်မှုတွင် လူ့အခွင့်အရေးချိုးဖောက်မှုများ မှတ်တမ်းတင်ခြင်း အရေးကြီးကြောင်း (Human Rights Violations Documentation is important in TJ approaches)

ရည်ရွယ်ချက်

- အသွင်ကူးပြောင်းရေးဆိုင်ရာတရားမျှတမှု လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ရန် အမှုမှန် (အမှန်တရား) ပေါ်ပေါက်ရေး အရေးကြီးကြောင်း ရှင်းလင်းစွာသိရှိစေရန်။
- အမှုမှန် (အမှန်တရား) ပေါ်ပေါက်ရေးအတွက် လူ့အခွင့်အရေးချိုးဖောက်မှုများအား စံနစ်တကျ မှတ်တမ်းတင်ခြင်းသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်နေကြောင်း ရှင်းလင်းစွာသိရှိနိုင်ရန်။
- တိကျခိုင်လုံသော သက်သေအထောက်အထားများဖြင့် လူ့အခွင့်အရေးချိုးဖောက်မှုများ မှတ်တမ်းရရှိနိုင်ရေး အတွက် လေ့လာစုံစမ်းနိုင်သော ဧရိယာနယ်ပယ်များကို သိရှိနိုင်ရန်။

လှုပ်ရှားမှု (Activity)

- ဗွီဒီယို (သို့) ဓာတ်ပုံမှတ်တမ်း Slide Show ပြသသည်။


ရွေးချယ်ထားသည့် Video clip များ၊ Slide Show ပြသရန် မှတ်တမ်းဓာတ်ပုံများတွင် အစိုးရအာဏာပိုင်တို့၏ မှတ်တမ်းဖိုင်များ၊ နစ်နာသူများ သို့မဟုတ် ကျူးလွန်သူများ သို့မဟုတ် ကျန်ရစ်သူမိသားစုဝင်များ သို့မဟုတ် မျက်မြင် သက်သေများနှင့် လူတွေ့ မေးမြန်းခြင်းများနှင့် ထွက်ဆိုချက်များအားကြားနာခြင်းများ၊ အစုအပြုံလိုက် မြုပ်နှံထားသည့် သင်္ချိုင်းဂူများ ပြန်လည်တူးဖော်၍ အထောက်အထား ရယူဖော်ထုတ်မှုများ ပါဝင်ရန်လိုအပ်သည်။

အပြန်အလှန် ဆွေးနွေးခြင်း (Discussion)

- ဘာတွေ့လဲ။ ဘာမြင်လဲ။
- ဤဗွီဒီယိုမှတ်တမ်းက ဖော်ပြတွေ့ရှိချက်တွေဟာ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလမှာ တိုင်းပြည်နှင့် လူ့အဖွဲ့အစည်း အတွက် အထောက်အကူ ပြုနိုင်မလား။
- ဘာကြောင့် အထောက်အကူပြုနိုင်တယ်လို့ ပြောသလဲ။
- ဘယ်သူတွေက ဒီလိုမျိုး ချိုးဖေါက်ခံရတာများလဲ။
- မြန်မာပြည်မှာလည်း ဒီလို မှတ်တမ်းစုဆောင်းမှုတွေ လုပ်နိုင်မလား။

အကြောင်းအရာနှင့်ဆက်စပ်သည့် ဗဟုသုတပေးခြင်း (Input)

- TJ အပိုင်းမှာ လူ့ အခွင့်အရေးချိုးဖေါက်မှု မှတ်တမ်းတင်ခြင်းအရေးကြီးကြောင်း
- လူ့အခွင့်အရေးချိုးဖေါက်မှု မှတ်တမ်းရရှိနိုင်ခြင်း နယ်ပယ် (၃) ခု ရှိကြောင်း (အစိုးရမှတ်တမ်းဖိုင်များ၊ သက်သေထွက်ဆိုချက်များနှင့် အစုလိုက်အပြုံလိုက် မြုပ်နှံထားသော သင်္ချိုင်းများ)




သင်တန်းများ၏ လက်တွေ့အဖြစ်နှင့် နှိုင်းယှဉ်ဆက်စပ်ပေးခြင်း (Deepening)

- မြန်မာနိုင်ငံမှာရော လက်တွေ့လုပ်ဆောင်နိုင်မလား။
- တကယ်လုပ်ဆောင်နိုင်မယ့် နယ်ပယ်က ဘာဖြစ်နိုင်မလဲ။

အနှစ်ချုပ်ခြင်း

TJ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အတိတ်ကာလက လူ့အခွင့်အရေးချိုးဖေါက်မှုများကို ကိုင်တွယ်စီမံ ဖြေရှင်းရာ၌ အမှုမှန်ပေါ်ပေါက်ရေး၊ ၄င်းအတွက် လူ့အခွင့်အရေးမှတ်တမ်းတင်ခြင်းများ လိုအပ်ပုံ။


- ဤသို့မှတ်တမ်းတင်ရာတွင် နယ်ပယ်ကြီး (၃) ခုရှိကြောင်း မြင်သာထင်ရှားအောင် အခြားနိုင်ငံများ၏ အတွေ့အကြုံများကို နည်းပြမှ ရှင်းလင်းတင်ပြရန်။
- လက်တွေ့လုပ်ဆောင်ရန်လိုအပ်ကြောင်း တိုက်တွန်းနိုးဆော်ခြင်း။

အချိန်။ ။ ၁ နာရီခွဲ

အထောက်အကူပြုပစ္စည်းများ

Flip Charts, Marker Pen, Paper Tape, Color Paper, မှတ်တမ်းဗွီဒီယိုများ (သို့) ဓာတ်ပုံမှတ်တမ်းများ

# အခန်း (၇)
# အသွင်ကူးပြောင်းရေးဆိုင်ရာ
# တရားမျှတမှု အခြေခံအယူအဆများ


TRANSITIONAL JUSTICE
TRUTH
JUSTICE
COMBAT against IMPUNITY
TJ CONCEPTS
COMPARATIVE CASE STUDIES
TJ in Burma

# အခန်း(၁)
# အသွင်ကူးပြောင်းရေးဆိုင်ရာတရားမျှတမှုအခြေခံအယူအဆများ
# TJ Concepts

သင်ရိုးညွှန်းတမ်း (၃)

Accountability တာဝန်ယူတာဝန်ခံမှုနှင့် Transitional Justice အသွင်ကူးပြောင်းရေးဆိုင်ရာတရားမျှတမှု Transitional Justice ဆက်စပ်ပုံ။

ရည်ရွယ်ချက်

- လူ့အဖွဲ့အစည်းအတွင်း တာဝန်ယူတာဝန်ခံမှု အဓိပ္ပါယ်ကို ရှင်းလင်းစွာနားလည်သဘောပေါက်ရန်။
- အသွင်ကူးပြောင်းရေးကာလတွင် အတိတ်ကာလက လူ့အခွင့်ရေးချိုးဖောက်မှုများနှင့်ပတ်သက်၍ တာဝန်ယူ၊ တာဝန်ခံမှု ရှိရန် အရေးကြီးကြောင်း ရှင်းလင်းစွာသိရှိနားလည်စေရန်။
- Impunity ပြစ်ဒဏ်ပေးခံရခြင်းမှ ကင်းလွတ်ခွင့်ရနေသည့်ဓလေ့နှင့် ပတ်သက်၍ နားလည်သဘောပေါက်ရန်။

လှုပ်ရှားမှု (Activity)

(၁) သင်တန်းသူ/ သင်တန်းသားများတစ်ဦးချင်းက မိမိနှင့်သိပ်မရင်းနှီးသေးသောအခြားတစ်ဦးကိုရှာဖွေစေပြီး တစ်တွဲစီရှိရန် ပြောသည်။

(၂) စုံတွဲတစ်တွဲစီအတွင်း တစ်ဦးချင်းစီက မိမိကိုယ်ပိုင်ဖြတ်သန်းမှုဘဝအတွေ့အကြုံ ဇာတ်လမ်းတစ်ခုကို အပြန် အလှန်ပြောနိုင်ရန် စီစဉ်ပေးပါ။ မိမိလုပ်ရပ်ကြောင့် အခြားတစ်ဦးအပေါ် ထိခိုက်နာကျင်စေခြင်းဖြစ်ခဲ့ပြီးနောက် ဤကိစ္စရပ်ကို နည်းလမ်းတခုဖြင့် ကိုင်တွယ်ဖြေရှင်းလိုက်ခြင်းအားဖြင့် မိမိစိတ်ကျေနပ်မှုရရှိစေသည့် ကိုယ်ပိုင် ဇာတ်လမ်း – ဖြစ်ရန် သတိပေးပါ။ သင်တန်းသားများအား ယခုဖလှယ်လိုက်သော အတွေ့အကြုံဇာတ်လမ်းကို အဖွဲ့ တစ်ခုလုံးအတွင်း ပြန်လည်ပြောပြရန် မလိုကြောင်းနှင့် အချို့အစိတ်အပိုင်းများကို ပြောလိုသောဆန္ဒရှိပါက ပြောနိုင်ကြောင်း နည်းပြက ရှင်းပြသည်။

(၃) တစ်ဦးစီပြောဆိုဖလှယ်ပြီးသည့်အခါ စုံတွဲတစ်တွဲစီအဖြစ် ဆက်ထိုင်ထားခိုင်းပြီး အောက်ပါမေးခွန်းများကို မေးသည်။

- ဇာတ်လမ်း ၂ ခုစလုံးတွင် ဆင်တူသောဆောင်ရွက်ချက်မျိုး ကြားသိတွေ့ရှိရပါသလား။
- ဆင်တူသော ဆောင်ရွက်ချက်မျိုးဖြစ်စေ၊ ကွဲပြားသောဆောင်ရွက်ချက်မျိုးဖြစ်စေ ဤဆောင်ရွက် လုပ်ကိုင်မှုများကို မည်သို့အမျိုးအစားခွဲချင်၊ အမည်ပေးချင်ပါသလဲ။ ထိုသတ်မှတ်ချက်များကို စာရွက်ကြီးပေါ် သို့မဟုတ် white board ပေါ် မှတ်တမ်းလုပ်ထားပါ။
- ပြောပြသောဇာတ်လမ်းတွင်ဖြစ်စေ၊ ကြားသိရသောဇာတ်လမ်းတွင်ဖြစ်စေ – ကောင်းမွန်သောရလာဒ် ထွက်ပေါ်ရရှိအောင် ဆောင်ရွက်ဖြစ်သည့် အဓိကကျသောလုပ်ဆောင်မှုများက ဘာလဲ။
- တာဝန်ယူတာဝန်ခံမှုနှင့် ပတ်သက်ထင်ဟပ်သည့် အတိအကျရှိသောဆောင်ရွက်ချက်က ဘာလဲ။
- ဖြေရှင်းဆောင်ရွက်ခဲ့တဲ့နည်းလမ်းတွေက နှစ်ဦးနှစ်ဖက်စိတ်ကျေနပ်မှုရှိရဲ့လား။
- ဒီအကြောင်းအရာပေါ်မှာ ဘာတွေ သင်ခန်းစာရလိုက်သလဲ။

အပြန်အလှန် ဆွေးနွေးခြင်း (Discussion)

နည်းပြမှ အဖွဲ့ကတင်ပြထားသည့် အချက်အလက်များကို ရှင်းလင်းစွာဖော်ပြ၍ အခြားသူအပေါ် ထိခိုက်နာကျင်ခံစားရစေခြင်းများ ပြုမိပါက အပြုသဘောဆောင်သည့် ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ပုံများကို စုစည်းပေးသည်။

အပြုသဘောဆောင်ဖြေရှင်း ဆောင်ရွက်ခြင်းများ

- ထိခိုက်နစ်နာမှုဖြစ်စေသည်ကို လက်ခံအသိအမှတ်ပြုခြင်း။
- အခြားသူများ၏ အမြင်ရှုဒေါင့်များမှ ထိခိုက်နစ်နာမှုဖြစ်စေခြင်းရှုမြင်ချက်အပေါ် မိမိကနားလည်ခြင်း။
- အခြားရွေးချယ်စရာနည်းလမ်း တစ်ခုခု ရှိခဲ့ပါလား – ဆိုသည်ကို အသိအမှတ်ပြုခြင်း။
- ပျက်စီးယိုယွင်းဆုံးရှုံးမှုများအတွက် လုပ်ထိုက်သည်များကို ဆောင်ရွက်ခြင်း (တောင်းပန်ခြင်း၊ နစ်နာမှုများအတွက် ပြန်လည်ပြင်ဆင်နိုင်ရန် ပြုလုပ်ခြင်း)
- နောက်တစ်ကြိမ် အလားတူဖြစ်ရပ်မျိုး ထပ်မံမပေါ်ပေါက်စေရန် ပြုပြင်ပြောင်းလဲမှုဆိုင်ရာ ဆောင်ရွက်ချက်များ ပြုလုပ်ခြင်း။

– ထိခိုက်နစ်နာမှုများအတွက် ပြစ်ဒဏ်ပေးသည်ကို ခံယူခြင်း။

အကြောင်းအရာနှင့်ဆက်စပ်သည့် ဗဟုသုတပေးခြင်း (Input)

– နည်းပြက Accountability & TJ တာဝန်ယူတာဝန်ခံမှုနှင့် အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှု ဆက်စပ်ပုံကို သင်တန်းသူ/သင်တန်းသားများ နားလည်သဘောပေါက်မှု အကဲခတ်နိုင်ရန်အောက်ပါ ဇယားကို ရေးဆွဲပြ၍ ဇယားကွက် ချင်း တွဲဖက်စေသည်။ တစ်ဦးလျှင် Hand Out တစ်ခုစီ ကြိုပေးထားနိုင်လျှင် ပိုကောင်းသည်။

| Accountability<br>တာဝန်ယူတာဝန်ခံမှု | Transitional Justice<br>အသွင်ကူးပြောင်းမှုဆိုင်ရာ တရားမျှတမှု |
|---|---|
| ထိခိုက်နာကျင်မှု (နစ်နာမှု) ဖြစ်ပွားခဲ့သည်ကို လက်ခံ အသိအမှတ်ပြုခြင်း | အစုအဖွဲ့ (အသင်းအဖွဲ့) များဆိုင်ရာ ပြုပြင်ပြောင်းလဲမှု |
| အခြားအမြင်ရှုထောင့်မှ ထိခိုက်နစ်နာမှုကို နားလည်ခြင်း ပြစ်ဒဏ်ပေးသည်ကို လက်ခံခြင်း | အစားထိုး အလျော်ပေးရေးဆိုင်ရာ တရားမျှတမှု |
| ပျက်စီးနစ်နာမှုများအတွက် ဆောင်ရွက်ချက်များ (တောင်းပန်ခြင်း ပြုပြင်ပေးခြင်း) | ရာဇဝတ်မှုဆိုင်ရာ တရားမျှတမှု |
| အလားတူဖြစ်ရပ်မျိုးထပ်မံ မဖြစ်ပွားစေရန် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ခြင်း | အမှန်တရားနှင့် မှတ်မိသိရှိမှု |

သင်တန်းများ၏ လက်တွေ့အဖြစ်နှင့် နှိုင်းယှဉ်ဆက်စပ်ပေးခြင်း (Deepening)

– တာဝန်ယူတာဝန်ခံမှုနဲ့ပါတ်သက်ပြီး မိမိတို့ပတ်ဝန်းကျင်မှာ ဘယ်လိုအတွေ့အကြုံတွေ ရှိခဲ့သလဲ။ (ဥပမာ– စစ်တပ်၊ တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့၊ ကုမ္ပဏီ၊ ခရိုနီ)
– ဘယ်လိုဖြေရှင်းကြသလဲ။
– တစ်ဦးချင်းကိုယ်ပိုင်အတွေ့အကြုံ သင်ခန်းစာထုတ်ယူမှုမှတဆင့် တစ်နိုင်ငံလုံး၊ လူ့အဖွဲ့အစည်း တစ်ခုလုံးနှင့် ဆက်စပ်၍ သင်တန်းသူ/သင်တန်းသားများအား တာဝန်ယူ တာဝန်ခံမှုအရေးကြီးပုံကို စဉ်းစားစေသည်။


မည့်ကဲ့သို့လုပ်ဆောင်၊ ကာကွယ်တားဆီးနိုင်သည်ကို အဖြေရှာလုပ်ဆောင်စေခြင်း (Synthesis)

– တာဝန်ယူတာဝန်ခံမှုမရှိသော နိုင်ငံတစ်ခု၊ လူ့အဖွဲ့အစည်းတစ်ခုတွင် ပြစ်ဒဏ်ပေးခံရခြင်းမှ အလိုအလျောက် ကင်းလွတ်ခွင့် ရနေသည့်ဓလေ့ Impunity ဖြစ်သွားနိုင်သည်။
– Impunity ယဉ်ကျေးမှုနှင့် ပုံစံခွက်ဖြစ်နေသော နိုင်ငံနှင့်လူ့အဖွဲ့အစည်းသည် အမှန်တရား ပေါ်ပေါက်ရေး Truth Seeking ဒီမိုကရေစီ Democracy နှင့် ငြိမ်းချမ်းရေး Peace လမ်းကြောင်း ပေါ်ရောက်ရန် ခက်ခဲလွန်းသည်။

အချိန် ။ ။ ၂ နာရီ
အထောက်အကူပြုပစ္စည်းများ – Flip Chart / Paper Tape / Permanent Marker Pen / A4 Paper

# အခန်း (၇)

# အမှုမှန်(အမှန်တရား)ပေါ်ပေါက်ရေး ဘာကြောင့်အရေးကြီးသလဲ။


UNDERLYING CAUSES of CONFLICT
WHO INVOLVED in the acts that create/sustain CONFLICT!
HOW THEY CONTRIBUTE!
IMPACT of CONFLICT/WAR

# အခန်း(၂)

# အမှုမှန် (အမှန်တရား) ပေါ်ပေါက်ရေး ဘာကြောင့်အရေးကြီးသလဲ။
Why truth seeking is important?

သင်ရိုးညွှန်းတမ်း (၄)
ရည်ရွယ်ချက်

- အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှုဖော်ဆောင်ရေး လုပ်ငန်းစဉ်များတွင် အမှုမှန် (အမှန်တရား) ပေါ်ပေါက်ရေး အရေးပါပုံကို သိရှိစေရန်။
- Truth Commission အမှုမှန် (အမှန်တရား) ပေါ်ပေါက်ရေးကော်မရှင်နှင့် Commission of Inquiry စုံစမ်း စစ်ဆေးရေးကော်မရှင်တို့၏ အခန်းကဏ္ဍများနှင့် လုပ်ဆောင်ချက်များ၊ လုပ်ငန်းစဉ်များကို သိရှိနားလည်စေရန်။
- အစိုးရကျောထောက်နောက်ခံပြု ဖွဲ့စည်းထူထောင်သည့်ကော်မရှင်များ State sponsored commissions အပြင် လူထုနည်းဖြင့်လုပ်ဆောင်သော အမှုမှန် (အမှန်တရား) ပေါ်ပေါက်ရေး အားထုတ်ကြိုးပမ်းမှုများ Unofficial Truth Seeking လုပ်ငန်းများအကြောင်း သိရှိစေရန်။
- မိမိတို့ကိုယ်တိုင် မည်သည့်လုပ်ငန်းများကို စတင်ကြိုးပမ်းလုပ်ဆောင်နိုင်ကြပြီဖြစ်ကြောင်း သတိပြုမိပြီး လက်တွေ့လုပ်ငန်းစဉ်များရေးဆွဲရာတွင် အထောက်အကူဖြစ်စေရန်။

လှုပ်ရှားမှု (Activity)

(၁) သင်တန်းသူ/ သင်တန်းသား များအား A4 ရောင်စုံ ဖြတ်စ စာရွက်ပိုင်းတစ်ခုစီ ဝေပေးသည်။

(၂) သင်တန်းသူ/ သင်တန်းသား တစ်ဦးချင်းအနေဖြင့် ယခုမေးခွန်းကို အသေအချာစဉ်းစားပြီး ပေးထားသော စာရွက်ပေါ်တွင် ချရေးပေးရန် ပြောသည်။ မိမိတို့ နိုင်ငံ၊ လူ့အဖွဲ့အစည်းတွင်းမှာ ကိုယ်ကိုတိုင် ကြားမိသိရှိတဲ့ ကြီးကြီးမားမား ထင်ထင်ရှားရှားနဲ့ လိမ်လည်ထားတဲ့ အလိမ်အညာမုသားတစ်ခုခု သို့မဟုတ် ဘာတွေဖြစ်ပျက် ခဲ့တယ်ဆိုတဲ့ အမှန်တရားကိုလူတွေမသိတဲ့ သို့မဟုတ် လူ့အဖွဲ့အစည်းက မေ့ချင်ဟန်ဆောင်ထားတဲ့ မြူထုထဲမှာ ဖုံးကွယ်ထားချင်တဲ့ အဖြစ်အပျက်တစ်ခုခု ကို စဉ်းစားပြီးရေးချပါ။ (ဥပမာ–၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုရာတွင်မဲပေးပိုင်ခွင့်ရှိသူများက ထောက်ခံဆန္ဒမဲ ၉၂ ဒသမ ၄၈ ရာခိုင်နှုန်း ရှိသည်ဟုဆိုခြင်း၊ မြစ်ဆုံဆည်ကိစ္စအတွက် စာချုပ်ချုပ်ဆိုရာတွင် ဗမာနိုင်ငံဘက်က အကျိုးခံစားခွင့်)

(၃) သင်တန်းသားများမှ မိမိတို့ရေးသားထားသည့် အချက်တစ်ခုချင်းစီကို အားလုံးရှေ့တွင် ရှင်းလင်းတင်ပြသည်။ ပြီးနောက် အလိမ်အညာမုသား Lie သို့မဟုတ် မြူထုထဲတွင်ဖုံးထားသောအရာ Fog တစ်ခုခုဘက်တွင် မိမိ စာရွက်ကို ကပ်ပါ။

| လိမ်ညာထားသောအရာများ<br>Lies | ဖုံးကွယ်ထားသောအရာများ<br>Fog |
|---|---|
| | |

အပြန်အလှန် ဆွေးနွေးခြင်း (Discussion)

- နည်းပြမှ စုစည်းရရှိထားသည့် အချက်များပေါ်တွင် ဆွေးနွေးနိုင်ရန် အောက်ပါမေးခွန်းများမေးသည်။ အမှန်တရားကို ပြောဖို့အတွက် ဘာဆောင်ရွက်မလဲ။ အဲဒီလိုဖြစ်လာဖို့ မိမိတို့ဘာလုပ်ရမလဲ။
- တကယ့်အဖြစ်ပျက်အမှန်တရားတွေကို မသိချင်ကြဘူးလား။
- အမှန်တရားပေါ်ပေါက်ဖို့အတွက် ဘယ်လိုဖော်ဆောင်ကြမလဲ။
- ဖော်ဆောင်နိုင်မယ့် လုပ်ငန်းစဉ် ဘာတွေရှိနိုင်မလဲ။
- လူ့အခွင့်အရေးချိုးဖောက်မှုနှင့်ပတ်သက်သည့် အမှန်တရားတွေ ပေါ်ပေါက်ရရှိဖို့အတွက်ဆိုလျှင် ဘာတွေ လုပ်ဆောင်နိုင်မလဲ။
- သင်တန်းသူ/ သင်တန်းသားများ ဆွေးနွေးအကြံပြုလာသော အကြောင်းအရာများကို နည်းပြက အစိုးရမှ ကမကထပြု

ဆောင်ရွက်သည့် အမှုမှန် (အမှန်တရား) ပေါ်ပေါက်ရေးကြိုးပမ်း ဆောင်ရွက်မှုများ Official Truth Seeking Projects နှင့် လူထုနည်းဖြင့် ကြိုးပမ်းဆောင်ရွက်သည့် အမှုမှန် (အမှန်တရား) ပေါ်ပေါက်ရေးလုပ်ဆောင်မှုများ Unofficial Truth Seeking Projects ခေါင်းစဉ်ခွဲနှစ်ခုဖြင့် သီးခြားစီရေးသား ပြုစုမှတ်တမ်းတင်ထားသည်။

## အကြောင်းအရာနှင့်ဆက်စပ်သည့် ဗဟုသုတပေးခြင်း (Input)

အမှုမှန် (အမှန်တရား) ပေါ်ပေါက်ရေး ဘာကြောင့်အရေးကြီးသလဲ။ Why truth seeking important?

- အတိအကျရှိသည့် သမိုင်းဝင်မှတ်တမ်း ဖော်ထုတ်ရန်။ (Establish accurate historical record)
- အလားတူဖြစ်ရပ်ဆိုးများ နောက်ထပ်မဖြစ်ပွားရေး ကာကွယ်ရန်။ (Prevent recurrence)
- ပြစ်ဒဏ်ပေးခံရခြင်းမှ ကင်းလွတ်ခွင့်ရနေသည့်ဓလေ့ကို ဆန့်ကျင်သည့် အခြားလုပ်ရှား ဆောင်ရွက်မှုများကို ထောက်ခံပံ့ပိုးရန်နှင့် အားကောင်းခိုင်မာစေရန်။ (Support and strengthen other anti-impunity measures)
- လူ့အခွင့်အရေးချိုးဖောက်ခံရသူ (နစ်နာသူ) များ၏ ဖြစ်ရပ်များကို ကြားသိနိုင်ရန်နှင့် အသိအမှတ်ပြုလက်ခံရန်။ (Victims' stories can be heard and acknowledge)
- ပြုပြင်ပြောင်းလဲမှုများလုပ်ဆောင်ရန် လိုအပ်သည်များ ထောက်ခံတင်ပြရန်။ (Recommend needed reforms)
- လူထုအကြား စိတ်ဝင်စားပြန့်နှံ့သိရှိစေပြီး ငြင်းခုံဆွေးနွေးမှုများဖြင့် သက်ဝင်နိုးကြားမှုဖြစ်စေရန် (Catalyze public debates)

## အမှုမှန် (အမှန်တရား) ပေါ်ပေါက်ရေးအကောင်အထည်ဖော်ဆောင်ရွက်သည့်လုပ်ငန်းပုံစံများ

Types of truth seeking bodies: Official and Unofficial truth seeking projects

- အမှုမှန် (အမှန်တရား) ပေါ်ပေါက်ရေးကော်မရှင်များ Truth Commission
- စုံစမ်းစစ်ဆေးရေးကော်မရှင် Commission of Inquiry
- လူထုအခြေပြု အဖွဲ့အစည်းများကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်သည့် အမှုမှန် (အမှန်တရား) ပေါ်ပေါက်ရေး လုပ်ငန်းစီမံကိန်းများ Civil Society truth projects

## ဆောင်ရွက်ချက်များ အပိုင်း ၂

ဗီဒီယို ပြသခြင်း

## အပြန်အလှန် ဆွေးနွေးခြင်း (Discussion)

အမှန်တရား (အမှုမှန်) ပေါ်ပေါက်ရေးကော်မရှင်တစ်ခု ဘာကြောင့်ဖွဲ့စည်းလုပ်ဆောင်ကြသလဲ။ - Why a Truth Commission?

- အမှန်တရား (အမှုမှန်) ဖြစ်ကြောင်းစေစပ်သေချာစွာ ရှင်းလင်းတင်ပြရန်နှင့် လက်ခံအသိအမှတ်ပြုရန်။ (To clarify and acknowledge the truth)
- လူ့အခွင့်အရေးချိုးဖောက်ခံရသူ (နစ်နာသူများ) ၏ အတိအကျ လိုအပ်ချက်များနှင့် အကျိုးဖြစ်ထွန်းမှုများ အတွက် တုန့်ပြန်ဆောင်ရွက်မှုပြုရန်။ (To respond to the needs and interest of victims)
- တရားမျှတမှုနှင့်တာဝန်ယူတာဝန်ခံမှုကိုဖော်ဆောင်ရန်။ To contribute Justice and accountability
- အသင်းအဖွဲ့များဆိုင်ရာ တာဝန်ရှိမှုကိုဖော်ပြမှတ်ချက်ပြုရန်နှင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများအတွက် အကြံပြုထောက်ခံချက်များတင်ပြရန်။ To outline institutional responsibility and recommend reform
- ပြန်လည်သင့်မြတ်ရေးတိုးမြှင့်ဆောင်ရွက်ရန်နှင့် အတိတ်ကာလ အကြမ်းဖက်မှုရလဒ်များဖြစ်သည့် တင်းမာမှုများ လျော့နည်းအောင်လုပ်ဆောင်ရန်။ To promote reconciliation and reduce tension of the conflict
- ဘယ်သူတွေနှင့် ဖွဲ့စည်းမလဲ။
- ဘယ်နှစ်ဦးနှင့် ဖွဲ့မလဲ။ (ကျား၊ မ ပါဝင်မှု)
- တာဝန်နှင့် လုပ်ပိုင်ခွင့်အပ်နှင်းခြင်း (သမ္မတအမိန့်နှင့်လား၊ လွှတ်တော်က ဥပဒေပြဋ္ဌာန်းပြီး တာဝန်အပ်နှင်း မလား)
- ဖွဲ့စည်းပုံအဆင့်ဆင့်ထားရှိမလား၊ ဘယ်လိုပုံစံလဲ။ အခြားဆပ်ကော်မတီများရှိဦးမလား။
- ကော်မရှင်အမည်။
- နောက်ကြောင်းပြန်ကြည့်မယ့် သတ်မှတ်ကာလ ဘယ်လိုသတ်မှတ်မလဲ။
- ဘာလူ့အခွင့်အရေးချိုးဖောက်မှုတွေကို ကိုင်တွယ်ဖြေရှင်းမှာလဲ။
- သီးသန့်ထားရမယ့် ဖြစ်ရပ်ပြဿနာတွေ ရှိသေးလား။
- ကော်မရှင်သက်တမ်း၊ ဘတ်ဂျက်၊ ဝန်ထမ်းအင်အား၊ လုပ်အားပေး volunteer၊
- လွတ်ငြိမ်းချမ်းသာခွင့်ပေးရေးအစီအစဉ်ထားရှိမလား။


- ရာဇဝတ်မှုတွေတရားစွဲဆိုရေးရှိမလား။
- လူ့အခွင့်အရေးမှတ်တမ်းများနဲ့မှတ်တမ်းကောက်ယူသူများ၊ အဖွဲ့အစည်းများရဲ့ပါဝင်မှုအခန်းကဏ္ဍ။


သင်တန်းများ၏ လက်တွေ့အဖြစ်နှင့် နှိုင်းယှဉ်ဆက်စပ်ပေးခြင်း (Deepening)
- အုပ်စုငယ်ခွဲပြီး ဆွေးနွေးခြင်း (သို့) အုပ်စုကြီးဖြင့် အပြန်အလှန်မေးမြန်းဆွေးနွေးခြင်း
- လက်ရှိမြန်မာနိုင်ငံမှာရော ကော်မရှင်တစ်ခုဖွဲ့ပြီး လုပ်ဆောင်သင့်သည်ဟု ထင်ပါသလား။
- လုပ်ဆောင်ဖို့အတွက် ဘယ်အခွင့်အလမ်းတွေ ရရှိနေပြီလဲ။

မည်ကဲ့သို့လုပ်ဆောင်၊ ကာကွယ်တားဆီးနိုင်သည်ကို အဖြေရှာလုပ်ဆောင်စေခြင်း (Synthesis)
- အမှန်တရားပေါ်ပေါက်ရေး ကော်မရှင် (Truth Commission) ဖွဲ့စည်းတဲ့အခါမှာ အစိုးရကျောထောက် နောက်ခံပြုဖွဲ့စည်းသည့် အမှန်တရားပေါ်ပေါက်ရေးကော်မရှင် (Official Truth Commission) နှင့် အစိုးရမဟုတ်သည့်လူထုအခြေပြုအဖွဲ့အစည်းများက ဖော်ဆောင်မည့် အမှန်တရားပေါ်ပေါက်ရေးကော်မရှင် (Unofficial Truth Commission) နှစ်ခုရှိကြောင်းနှင့် အကောင်းဆုံးကတော့ ကိုယ်တိုင်ချိုးဖောက်ခံရသူတွေ (Victims Centered) ဗဟိုပြု ပါဝင်ဆောင်ရွက်တဲ့အမှန်တရားရှာဖွေရေး လုပ်ငန်းများက ပိုကောင်းမွန်ကြောင်း
- နိုင်ငံတကာရှိ အမှုမှန်ပေါ်ပေါက်ရေးကော်မရှင်များ၏ အားသာ၊ အားနည်းချက်များပေါ်တွင် ရှင်းလင်းတင်ပြသည်။ (တောင်အာဖရိက၊ အာဂျင်တီးနား၊ ဂွာတီမာလာ၊ ပီရူး၊ ကမ္ဘောဒီးယား၊ အရှေ့တီမော စသည်ဖြင့် အတူကွဲပြားသော အခြေအနေများ ဖွဲ့စည်းမှုများ အားသာချက်၊ အားနည်းချက်များကို မြန်မာနိုင်ငံအတွက် သင်ခန်းစာ ထုတ်ယူနိုင်စေရန် နှိုင်းယှဉ်ချိန်ထိုး တင်ပြပေးရန်)


အထောက်အကူပြုပစ္စည်းများ
Truth Commission video clips, Hearing Session video clips, Interviews, FAFG Documentary films, Commemoration clips etch; Flip Charts, Marker Pens, A4 Color paper, ND-Burma ကထုတ်တဲ့ အစီရင်ခံစာများ အနက်မှအချို့၊ WLB, AAPP, HRDP, KHRG, HREIB စသဖြင့် အစီရင်ခံစာများအနက်မှအချို့၊ အခြားနိုင်ငံက စာအုပ်များ၊ မဂ္ဂဇင်းများ

အချိန်။ ။ ၃ နာရီ




WHAT NEEDS TO HAPPEN for VICTIMS TO FEEL SATISFIED?
WHAT NEEDS TO HAPPEN for THESE VIOLATIONS NOT TO HAPPEN AGAIN?
WHAT ABOUT THE PEOPLE WHO COMMITTED CRIMES? WHAT SHOULD HAPPEN TO THEM?
HOW CAN THE NEXT GENERATION LEARN THE LESSON FROM THE PAST?

# အခန်း (၈)
# မြန်မာပြည်နှင့် အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှုအလားအလာများ


WHAT IS TRANSITIONAL JUSTICE?
"a response to systematic (or) widespread Human Rights Violations"
recognition for VICTIMS
"promotion of possibilities for PEACE, RECONCILIATION, DEMOCRACY
"not a special form of JUSTICE"
CRIMINAL JUSTICE
TRUTH COMMISSIONS
REPARATION PROGRAMS
GENDER JUSTICE
SECURITY SYSTEM REFORM
MEMORIALIZATION EFFORTS

# အခန်း(၃)

# မြန်မာပြည်နှင့် အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှု အလားအလာများ
# Transitional Justice in Burma

သင်ရိုးညွှန်းတမ်း (၅)
နိုင်ငံရေးအကန့်အသတ်၊ မြန်မာပြည်တွင် အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှုဖြစ်နိုင်ချေအလားအလာများ – Political Constraint & Transitional Justice in Burma

ရည်ရွယ်ချက်

- မြန်မာနိုင်ငံတွင် အာဏာရှင်စံနစ်မှဒီမိုကရေစီသို့ အသွင်ကူးပြောင်းရေးဖြစ်စဥ် မည်သို့အပြောင်းအလဲ ဖြစ်နေသည်ကို လေ့လာသိရှိအကဲခတ်နိုင်စေရန်။ (မြန်မာနိုင်ငံ ဘယ်နေရာ၊ ဘယ်ခရီးမှာ ရောက်နေသလဲ)
- မြန်မာနိုင်ငံအသွင်ကူးပြောင်းရေးဖြစ်စဥ်မှာ အသွင်ကူးပြောင်းရေးဆိုင်ရာတရားမျှတမှု TJ ကို ဘယ်လိုဖော်ဆောင်နိုင်မလဲ၊ မည်သည့်လုပ်ငန်းစဥ်များ၊ လှုပ်ရှားဆောင်ရွက်မှုများကို လက်တွေ့အကောင်အထည်ဖော်နိုင်မလဲ ဆိုတာကို ချင့်တွက်နိုင်ရန်နှင့် လုပ်ငန်းစီမံကိန်းများ ရေးဆွဲချမှတ်နိုင်ရန်။

လှုပ်ရှားမှု (Activity)

- သင်တန်းသူ/ သင်တန်းသားများအား အဖွဲ့ ၂ ဖွဲ့ခွဲသည်။
- ပထမအဖွဲ့က ၂၀၁၀ ခုနှစ် နိုဝင်ဘာလ (၇) ရက် ရွေးကောက်ပွဲမတိုင်မီ မြန်မာနိုင်ငံ၏ အခြေအနေအရပ်ရပ်ကိုဆွေးနွေးစေသည်။ (စစ်အစိုးရလက်ထက် အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ လူမှုစီးပွားရေး၊ နိုင်ငံတကာရေးရာနှင့် လူ့အခွင့်အရေးအခြေအနေများ)
- ဒုတိယအဖွဲ့က ၂၀၁၀ ခုနှစ် နိုဝင်ဘာလ (၇) ရက်နောက်ပိုင်း မြန်မာနိုင်ငံ၏ အခြေအနေအရပ်ရပ်ကို ဆွေးနွေးစေသည်။ (လွှတ်တော်များပေါ်ပေါက်လာပြီး ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ လူမှုစီးပွားရေး၊ နိုင်ငံတကာရေးရာနှင့် လူ့အခွင့်အရေးအခြေအနေများ – စသဖြင့်)
- ဆွေးနွေးချက်များမှ ထွက်ပေါ်လာသည့်ရလဒ်များကို ခေါင်းစဥ်ခွဲများအလိုက် စာရွက်ကြီးဖြင့် ရှင်းလင်းစွာရေးပြီးအဖွဲ့လိုက်ပြန်လည်တင်ပြသည်။
- တစ်ဖွဲ့စီတင်ပြချက်များအပေါ် ကျန်အဖွဲ့က မေးမြန်းခြင်း၊ ဆွေးနွေးဖြည့်စွက်ခြင်းပြုလုပ်သည်။

နည်းပြက အချိန်ကန့်သတ်မှုပြုလုပ်ပေးရန်၊ နိုင်ငံရေးဆွေးနွေးပွဲ Debate သဘောမဖြစ်စေရန်။

အပြန်အလှန် ဆွေးနွေးခြင်း (Discussion)

- တဖွဲ့ချင်း၏တင်ပြချက်များ၊ ဆွေးနွေးချက်များ လေ့လာသိရှိပြီးနောက် လက်ရှိအပြောင်းအလဲ အနေအထားသည် ဒီမိုကရေစီပြောင်းလဲမှု စစ်မှန်သလား။ ဘယ်လိုထင်သလဲ။
- ဘယ်လို အပြောင်းအလဲမျိုးကို လိုချင်ပါသလဲ။
- ဒီမိုကရေစီအပြောင်းအလဲ အရှိန်အဟုန်နှင့် ဖြစ်ပေါ်နိုင်ဖို့ ဘာတွေလုပ်ဆောင်ဖို့လိုအပ်မလဲ။

အကြောင်းအရာနှင့်ဆက်စပ်သည့် ဗဟုသုတပေးခြင်း (Input)

- တင်ပြချက်များ၊ ဆွေးနွေးချက်များကို နည်းပြမှ အနှစ်ချုပ်ပေးသည်။
- နအဖ စစ်ကောင်စီ SPDC မှ ရေးဆွဲချမှတ်ခဲ့သည့် လမ်းပြမြေပုံ 7 Steps Road Map အဆင့်ဆင့်အတိုင်း အစိုးရကိုယ်တိုင် ဦးဆောင်ပြောင်းလဲမှုပြုလုပ်နေသည့် the Regime led transition ဖြစ်စဥ်၊ လက်ရှိ အခြေအနေ အရပ်ရပ်အတွင်းမှ လွှတ်တော်များ၊ တရားစီရင်ရေးကဏ္ဍ၊ သမ္မတဦးသိန်းစိန်အစိုးရ၏ လုပ်ဆောင်ချက်များ၊ နိုင်ငံရေးပါတီများ၊ တိုင်းရင်းသား အင်အားစုများ (နိုင်ငံရေးပါတီများနှင့် လက်နက်ကိုင် တပ်များ)၊ အစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်ရေး အခြေအနေ၊ လူထုအခြေပြုလူ့အဖွဲ့အစည်းများ Civic based Organizations အခြေအနေ၊ မီဒီယာ အခြေအနေ၊ INGO & Local NGOs များ၊ ဒေသတွင်းနှင့် နိုင်ငံတကာအခြေအနေများ။
- အာဏာရှင်စံနစ်မှ ဒီမိုကရေစီသို့ အသွင်ကူးပြောင်းရေးဖြစ်ပြီးသွားသော နိုင်ငံတကာအပြောင်းအလဲ အတွေ့အကြုံများအရ နိုင်ငံရေးအသွင်ကူးပြောင်းမှုဖြစ်စေသော အခြေခံအကြောင်းရင်းကြီးများဖြစ်သည့် (ဥပဒေအရ တရားဝင်ခြင်းဆိုင်ရာကိစ္စ Legitimacy၊ စီးပွားရေးချွတ်ခြုံကျမှုပြဿနာ Economic Crisis၊ လူထုတိုက်ပွဲ People Power Movement၊

နိုင်ငံတကာဖိအား International Sanctions and Pressure နှင့် အာဏာပိုင် အုပ်စုတွင်း အာဏာလုပွဲများ Conflict, Power Struggle within ruling regime) တို့ကို တင်ပြသည်။

– နိုင်ငံရေးအသွင်ကူးပြောင်းမှုဖြစ်စေသော အခြေခံအကြောင်းရင်းကြီးများပေါ်တွင်မူတည်၍ နိုင်ငံရေးအကန့် အသတ်များ Political Constraint ကို တင်ပြသည်။
  - အာဏာရှင်စံနစ်အား ဖြိုချဖျက်ဆီးခြင်း Overthrow / Bringing down the Dictatorship (Democratization)
  - ပြုပြင်ပြောင်းလဲမှုပြုလုပ်ခြင်း Reform / Replacement (Liberalization) နှင့်
  - အပေးအယူအလျှော့အတင်းပြုခြင်း Compromise ပုံစံများ ဖြစ်တတ်ကြောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နည်းပြမှ

– သင်ခန်းစာ ရည်ရွယ်ချက် ၂ အတွက် အထောက်အကူဖြစ်စေသော မိမိနိုင်ငံ၏ လက်ရှိအပြောင်းအလဲနှင့် ပတ်သက်သည့် သဘောထားအမြင်များသိရှိရန် မေးခွန်းမေးသည်။
– ဆွေးနွေးမှုများကိုအားလုံးနားထောင်နိုင်ရန်ပြုလုပ်သည်။ (အချိန်သတိပြုရန်)

ဒုတိယပိုင်း

မြန်မာနိုင်ငံအသွင်ကူးပြောင်းရေးဖြစ်စဉ်မှာ အသွင်ကူးပြောင်းရေးဆိုင်ရာတရားမျှတမှု TJ ကို ဘယ်လို ဖော်ဆောင်နိုင်မလဲ၊

– မြန်မာပြည် ဘယ်ခရီးကိုရောက်နေပြီလဲဆိုတာ – လေ့လာခဲ့ပြီးပြီ၊ လက်ရှိအခြေအနေအရ နစ်နာသူများ Victims ၏ လိုလားချက်များအတွက် အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှုကို ဘယ်လိုလက်တွေ့ ဖော်ဆောင်နိုင်မယ်ဆိုတာကို လေ့လာဆွေးနွေးရန် နောက်ထပ်ဆောင်ရွက်ချက်များကို နည်းပြမှ ပြုလုပ်သည်။

လှုပ်ရှားမှု (Activity)

– အုပ်စုခွဲနိုင်သော ဂိမ်းတစ်ခုခုဖြင့် အဖွဲ့ငယ် (၈) ဖွဲ့ခွဲသည်။ သင်တန်းသူ/ သင်တန်းသား အရေအတွက်ပေါ် မူတည်ပြီး အဖွဲ့ငယ်အရေအတွက်ကို အတိုးအလျှော့ပြုလုပ်ရန်။
– အစိုးရ၊ တပ်မတော်၊ ဒီမိုကရေစီအင်အားစုများ၊ တိုင်းရင်းသားခေါင်းဆောင်များ၊ တိုင်းရင်းသားလက်နက်ကိုင် တပ်မတော်များ၊ လူထုအခြေပြုလူ့အဖွဲ့အစည်းများ၊ နိုင်ငံတကာမှတတ်သိပညာရှင်များ၊ မီဒီယာများ – စသည်ဖြင့် ကိုယ်စားပြုသူအဖွဲ့ငယ်များ – အဖြစ်ဖွဲ့စည်းသည်။

သတင်းအချက်အလက်ပေးခြင်း Information Sharing

– ကိုယ်စားပြုအဖွဲ့များဝိုင်းဖွဲ့ဆွေးနွေးနိုင်ရန် အောက်ပါသတင်းအချက်အလက်များကို မျှဝေပေးသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပါ ပြဋ္ဌာန်းချက် ဥပဒေပုဒ်မများ
ပုဒ်မ (၃၂) နိုင်ငံတော်သည်

(က) မိခင်နှင့်ကလေးသူငယ်များ၊ မိဘမဲ့ကလေးများ၊ ကျဆုံးသောတပ်မတော်သားများ၏ကလေးများ၊ အိုမင်း မစွမ်းသူများ၊ မသန်မစွမ်းသူများအား ကြည့်ရှုစောင့်ရှောက်ရမည်။

(ခ) မသန်စွမ်းဖြစ်လာသော တပ်မတော်သားများအား သင့်တင့်လျှောက်ပတ်စွာ နေထိုင်စားသောက်နိုင်စေရန်နှင့် အသက်မွေးပညာကို အခမဲ့သင်ယူနိုင်စေရန် စီမံဆောင်ရွက်ရမည်။

ပုဒ်မ (၄၄၅) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့၏ မူဝါဒလမ်းညွှန်မှုများ၊ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ အမိန့် ပြန်တမ်းများ၊ ကြေညာချက်များကိုလည်းကောင်း၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့၏ ဆောင်ရွက်ချက်များ၊ တာဝန်များနှင့် ရပိုင်ခွင့်များကိုလည်းကောင်း ဆက်ခံသည်။ ယင်းအဖွဲ့ သို့မဟုတ် အဖွဲ့ဝင်တစ်ဦးဦး သို့မဟုတ် အစိုးရအဖွဲ့ဝင်တဦးဦး၏ တာဝန်အရဆောင်ရွက်ချက် များအပေါ် အကြောင်းပြု၍ ယင်းတို့အား တရားစွဲဆိုခြင်း၊ အရေးယူခြင်း မရှိစေရ။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့အစည်းများအကြား တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်စာချုပ်

နိဒါန်းတွင် – လက်ရှိဖြစ်ပွားနေသော လက်နက်ကိုင်ပဋိပက္ခများနှင့် အကြမ်းဖက်မှုများ အဆုံးသတ်နိုင်ရေးအတွက် တည်ဆဲဥပဒေများနှင့် မဆန့်ကျင်ဘဲ အပစ်အခတ်ရပ်စဲခြင်းမှတဆင့် ငြိမ်းချမ်း၍အပြုသဘောဆောင်သော နည်းလမ်းများဖြင့် ဆောင်ရွက်သွားကြမည်ဟု ယုံကြည်လျှက်

ပြည်ထောင်စုအတွင်းမှီတင်းနေထိုင်ကြသော နိုင်ငံသားအားလုံးကို ထိခိုက်နစ်နာခြင်းများ၊ လုံခြုံမှုကင်းမဲ့ခြင်းများနှင့် စိုးရိမ်ထိတ်လန့်ခြင်းများ ဖြစ်ပေါ်ခံစားစေခဲ့သည့် လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်ရန်နှင့် အတိတ်ဖြစ်ရပ်များအပေါ် တစ်ဦးနှင့်တစ်ဦး အပြစ်မတင်ဘဲ နားလည်မှုနှင့် ယုံကြည်မှုတည်ဆောက်ကာ ငြိမ်းချမ်းရေးအဖြေများကို ရှာဖွေရန် သက်ဆိုင်သူအားလုံး ပါဝင်ဆောင်ရွက်သည့် ဆွေးနွေးပွဲလုပ်ငန်းစဉ်များကို ဖော်ဆောင်သွားကြရန် ဆန္ဒပြုလျှက် – ဟု ဖော်ပြထားသည်။

ထို့အပြင် အခန်း (၇) လူ့အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ခြင်း ဖော်ပြချက်များတွင် လူ့အခွင့်အရေးဆိုင်ရာ မြှင့်တင်ရေးနှင့်ကာကွယ်ရေးကို လေးစားလိုက်နာရန် သဘောတူညီသည်၊ အမျိုးသမီးများနှင့် ကလေးသူငယ်များအား ကာကွယ်စောင့်ရှောက်ရန်၊ အခွင့်အရေး မြှင့်တင်ပေးရန်တို့ကို နိုင်ငံတကာ သဘောတူညီမှုများနှင့်အညီ လေးစားလိုက်နာရန် သဘောတူညီသည် – ဟုဖော်ပြထားသည်။

### အပြန်အလှန် ဆွေးနွေးခြင်း (Discussion)

မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေတွင် TJ ကို ဘယ်လိုဖော်ဆောင်နိုင်မလဲ၊ ဖော်ဆောင်သင့်သလဲ – ဆိုတာနှင့် ပတ်သက်၍ ကိုယ်စားပြု အဖွဲ့အစည်းအသီးသီးက မည်သို့ချဉ်းကပ်ဆွေးနွေးသွားကြသည်ကို အဖွဲ့ကြီးအတွင်း ပြန်လည်သုံးသပ်သည်။

- TJ ဖော်ဆောင်နိုင်မယ့် နည်းလမ်းဘာတွေ ရှိမလဲ။
- မိမိအဖွဲ့စည်းအနေဖြင့် TJ ဖော်ဆောင်ရာတွင် ဘယ်အခန်းကဏ္ဍမှာ ပါဝင်ဆောင်ရွက်နိုင်မလဲ။
- နည်းပြမှ ဆွေးနွေးချက်များကို စာရွက်ကြီးဖြင့် မြင်သာအောင် မှတ်တမ်းရေးသားထားသည်။

### သင်တန်းများ၏ လက်တွေ့အဖြစ်နှင့် နှိုင်းယှဉ်ဆက်စပ်ပေးခြင်း (Deepening)


- သင်တန်းသူ/ သင်တန်းသားများအား အဖွဲ့နှစ်ဖွဲ့ ခွဲသည်။
- တစ်ဖွဲ့ချင်းစီက ကြိုက်နှစ်သက်သည့်ပုံစံဖြင့် အမှုမှန် (အမှန်တရား) ပေါ်ပေါက်ရေးကော်မရှင်တစ်ခု ဖွဲ့ခိုင်းသည်။
- Truth Seeking ဘယ်လိုရှာမလဲ။ ဘယ်လိုဖွဲ့စည်းမလဲ။
- ဘယ်သူတွေနဲ့ ဖွဲ့မှာလဲ။
- ဘယ်နှစ်ဦးနဲ့ ဖွဲ့မှာလဲ။ (ကျား/မ ပါဝင်မှု)
- ကော်မရှင်နာမည် ဘယ်လိုပေးမလဲ။
- နောက်ကြောင်းပြန်ကြည့်မည့် အချိန်ကာလကို ဘယ်လိုသတ်မှတ်မှာလဲ။
- ဘယ်လိုလူ့အခွင့်အရေးချိုးဖောက်မှုတွေကို ကိုင်တွယ်ဖြေရှင်းမလဲ။
- တာဝန်နဲ့လုပ်ပိုင်ခွင့် ခိုင်မာစေရန် ပြဋ္ဌာန်းချက်တွေ ဘယ်လိုလုပ်မလဲ။ (သမ္မတအမိန့်နဲ့လား၊ လွှတ်တော်က တာဝန်ပေးအပ်နှင်းမှုနဲ့လား)
- ဘယ်လိုဖွဲ့စည်းပုံ အဆင့်ဆင့်ဖွဲ့စည်းမလဲ။
- အခြား ဆပ်ကော်မတီတွေ ဖွဲ့ရန်ရှိမလား။
- ကော်မရှင်သက်တမ်း ဘယ်လောက်သတ်မှတ်မလဲ။
- ဘတ်ဂျက် ဘယ်လောက်သုံးစွဲမလဲ။
- သီးသန့် ကိုင်တွယ်ရမဲ့အမှုအမျိုးအစား ရှိမလား။
- တရားစွဲမှာလား၊ တရားလိုက ဘယ်သူလဲ။
- လွတ်ငြိမ်းချမ်းသာခွင့် ပေးမလား။
- လူ့အခွင့်အရေးအဖွဲ့အစည်းများရဲ့ ပါဝင်မှုအခန်းကဏ္ဍက ဘယ်လိုရှိမလဲ။

ရရှိလာသောအချက်များကို ကော်မရှင်၏ အားနည်းချက်များ၊ အားသာချက်များအဖြစ် သင်တန်းတွင်း ဝေဖန်သုံးသပ်သည်။


### မည်ကဲ့သို့လုပ်ဆောင်၊ ကာကွယ်တားဆီးနိုင်သည်ကို အဖြေရှာလုပ်ဆောင်စေခြင်း (Synthesis)

တကယ်လက်တွေ့ ဒီအချိန်မှာ ယခုလိုကော်မရှင်မျိုး ဖွဲ့စည်းဆောင်ရွက်ခြင်းမလုပ်နိုင်သေးပေမဲ့ TJ နှင့် ပတ်သက်ပြီး အရေးကြီးဆုံးဖြစ်တဲ့ လူ့အခွင့်အရေးချိုးဖောက်မှုမှတ်တမ်းများ Human Rights Violations Documents ကောက်ယူရရှိ နေဖို့၊ စနစ်တကျထိန်းသိမ်းနိုင်ဖို့ရန်မှာ ရေတို/ ရေရှည်ရည်မှန်းချက် – အသီးသီးအတွက် လိုအပ်ကြောင်းတင်ပြသည်။

အချိန် ။ ။ ၃ နာရီ


JUSTICE SEEKING
TRUTH SEEKING
HRVs DOCUMENTATION
"CRIMINAL PROSECUTION"
"DOMESTIC COURTS"
"HYBRIC COURTS"
"(AD-HOC) TRIBUNAL"
ICTY 93 ICTR 94
"UNIVERSAL JURISDICTION"
"INTERNATIONAL CRIMINAL COURT" (ICC)

# အခန်း (၉)
# မှတ်တမ်းကောက်ယူခြင်း


TRUTH
အမှန်တရား (အမှုမှန်)
ပေါ်ပေါက်ရေး
REPARATION
REHABILITATION
JUSTICE
တရားမျှတမှု
ဖော်ဆောင်ရေး
INSTITUTIONAL
REFORM
အသင်းအဖွဲ့များဆိုင်ရာ
ပြုပြင်ပြောင်းလဲမှု

# မှတ်တမ်းကောက်ယူခြင်း
# Documentation-1

ရည်ရွယ်ချက်

- မှတ်တမ်းတင်ခြင်းကိုနားလည်စေရန်။
- မှတ်တမ်းတင်ခြင်း လုပ်ငန်းစဉ် အဆင့်ဆင့်ကို သဘောပေါက်စေရန်။
- မှတ်တမ်းတင်ခြင်း အရေးကြီးပုံကို နားလည်စေရန်။

Documentation (မှတ်တမ်းတင်ခြင်း) အဓိပ္ပါယ်ဖွင့်ဆိုခြင်း

(၁) သတင်းဆိုသည်မှာ ဘာလဲ (မေးခွန်းနှင့်စ)

သတင်းဆိုသည်မှာ နေ့စဉ်ဖြစ်ပျက်နေကျမဟုတ်ဘဲ ဖြစ်ပေါ်လာသည့်အကြောင်းအရာ။
သတင်းမှာ ဘာတွေပါလဲ၊ (ဘ ခြောက်လုံး ရှင်းပြ)
(ဘယ်သူ့ကို၊ ဘယ်နေရာ၊ ဘယ်အချိန်၊ ဘယ်လို၊ ဘာကြောင့်။ ဘာဖြစ်)
သင်တန်းသားများကို အုပ်စုခွဲ ဘခြောက်လုံးမှ အနည်းဆုံး ၄ လုံးပါဝင်သော သတင်းတို activity လုပ်ခိုင်း။
ဘခြောက်လုံးကိုထဲ့သွင်းသတင်းတပုဒ်အကြမ်းရေးခိုင်း၊ပြန်လည်ရှင်းပြ (သတင်းဆိုသည်ကိုနားလည်စေရန်

(၂) မှတ်တမ်းတင်ခြင်း

မှတ်တမ်းတင်ခြင်းဆိုသည်ကိုဘယ်လိုနားလည်လဲ – သင်တန်းသားများကိုထင်မြင်ချက်ပြောခိုင်း
သင်တန်းဆရာမှချရေး၊ ထုတ်နှုတ်ပြောပြ (မှန်ကန်သည့်လူ့အခွင့်အရေးချိုးဖေါက်မှုသတင်းများကို တိကျခိုင်မာစွာ အချက်အလက်ပြည့်စုံစွာဖြင့် ရှာဖွေစုဆောင်းခြင်း။)

(၃) သတင်းနှင့်မှတ်တမ်းဆက်စပ်မှုနှင့် ခြားနားချက်များကိုဆွေးနွေးခိုင်း

(၄) ဘာကြောင့်မှတ်တမ်းတင်ခြင်းကိုလိုအပ်သလဲ (သင်တန်းသားများကိုအုပ်စုခွဲ၊ ပြန်စုစည်း)

- အမှန်တရားဖော်ထုတ်ရန်
- ချိုးဖောက်မှုလျှော့ကျရန်
- ပြည်သူလူထုကို အသိပေးရန်
- တန်းတူအခွင့်အရေးရရှိရန်
- ချိုးဖောက်မှုကို ကြိုတင်တားဆီးရန်
- တရားမျှတမှုကို ဖော်ဆောင်နိုင်ရန်
- သမိုင်းဖြစ်ရပ်မှန်ဖော်ထုတ်ရန်
- အလားတူချိုးဖောက်မှု ထပ်မဖြစ်ပွားရန်

လှုပ်ရှားမှု (Activity)

Game: သင်တန်းသားများကို တယောက်နှင့်တယောက် လက် (၁) လံလောက် အကွာတွင် တန်းစီရပ်စေပါ။ ရှေ့ဆုံးတွင် ရပ်သောသူကို နည်းပြမှ statement ၁ ခုလျှင် ၁ မိနစ် ဖတ်ခွင့်ပေးပါ။ ထို့နောက် statement ကို သိမ်းပါ။ ရှေ့ဆုံးရပ်သူမှ မိမိဖတ်ထားသည့်အတိုင်း မိမိနောက်တွင် ရပ်နေသူကို ပြောပြစေပါ။ တဆင့်ပြီးတဆင့် ပြောပြရပါမည်။ နောက်ဆုံးရပ်သူမှာ မိမိကို ပြောပြသည့်အတိုင်း အားလုံးကြားအောင် ပြောပြရပါမည်။ ရှေ့ဆုံးရပ်သူကလည်း မိမိဘယ်လိုစပြီး ပြောလိုက်ကြောင်း အားလုံးကို ပြန်ပြောပြစေပါ။ထို့နောက် နည်းပြမှ မိမိပေးလိုက်သော statement ကို ပြန်ဖတ်ပြလိုက်ပါ။

စည်းကမ်း – ပြန်လည်ပြောကြားသောသူ တခါပဲ ပြောပြခွင့်ရှိပြီး နားထောင်သူကလည်း ပြန်လည် မေးခွန်းမေးခွင့် မရှိပေ။
Game purpose: သတင်းကိုတဆင့်ပြီး တဆင့်လက်ခံရာတွင် စကားလုံးများ၊အဓိပ္ပယ်များ ပြောင်းလဲသွားခြင်းနှင့် မှတ်တမ်းကိုချိတ်ဆက်သွားနိုင်စေရန်။ (အခြားသတင်းပို့ ကစားနည်းများဖြင့်လဲပြုလုပ်နိုင်)

အပြန်အလှန်ဆွေးနွေးခြင်း (Discussion)

- ဘယ်လိုသတင်းတွေ ယူခဲ့ကြသလဲ။
- ဘယ်လိုတာဝန် အဆင့်ဆင့်မျိုးတွေ ပါဝင်နေသလဲ။ (ပြောသူ၊ သွားယူသူ၊ မှတ်သားသူ၊ သိမ်းဆည်းသူ၊ ထုတ်ပြန်သူ)

(၅) Documentation မှားသွားရင် ဘာတွေဖြစ်မလဲ

- နစ်နာဆုံးရှုံးမှုများလာနိုင်
- သမိုင်း အမှန်အမှား မခွဲခြားနိုင်
- နိုင်ငံတော် သိက္ခာကျဆင်း
- ထောင်ကျနိုင်
- တရားစွဲဆိုခံရနိုင်
- အရှက်ရလာနိုင်
- အခြားသောမှတ်တမ်းတင် အုပ်စုများကို ထိခိုက်နိုင်
- လူ့ဂုဏ်သိက္ခာ ကျဆင်းနိုင်
- လူမျိုးစု ပဋိပက္ခဖြစ်လာနိုင်
- အမုန်းတရား တိုးလာနိုင်
- လူမှုပေါင်းသင်းဆက်ဆံရေး ပျက်ပြားနိုင်
- စီးပွားရေးအဆက်အသွယ် ပျက်လာနိုင်
- စစ်မက်ဖြစ်ပွားနိုင်
- သမိုင်းမှားရင် အသွားနိုင်

Trainer မှ Documentation ၏ အရေးကြီးပုံ၊ လိုအပ်ပုံ၊ မှတ်တမ်းအမှား၏ ဆိုးကြိုးများကို ထောက်ပြဆွေးနွေး။

(၆) မှတ်တမ်းတင်ခြင်းကို ခြုံငုံလေ့လာခြင်း

မှတ်တမ်းတင်ခြင်းမှာ ဘယ်လိုကဏ္ဍတွေပါဝင်သလဲ

- အဖြစ်အပျက်၊ ဖြစ်စဉ်
- အချက်အလက်
- မျက်မြင်သက်သေ
- နေရာဒေသ
- အချိန်ကာလ
- သက်သေခံပစ္စည်း
- ပါဝင်ပတ်သက်သည့်သူများ၊


သတင်းအချက်လက်ကိုရှာဖွေရာမှာ မည်သည့်အချက်က ပိုအရေးကြီးလဲဆိုတာကို နံပါတ် အစဉ်လိုက် စီခိုင်းခြင်း

က) သတင်းအချက်များ ရှာဖွေခြင်း (၂)
ခ) သတင်းအချက်အလက်များ အသုံးပြုခြင်း (၅)
ဂ) အဖြစ်အပျက် (၁)
ဃ) သတင်းအချက်အလက်ကို ပိုင်းခြားစိတ်ဖြာခြင်း (၄)
င) သတင်းအချက်အလက်များကို မှတ်တမ်းပြုခြင်း (၃)
(ဖြစ်ပျက်၊ ဖွေရှာ၊ မှတ်ပါ၊ ပိုင်းခြား၊ သုံးပြုသွား။)

အကြောင်းအရာနှင့် ဆက်စပ်သည့် ဗဟုသုတပေးခြင်း (Input)

လူ့အခွင့်အရေးချိုးဖောက်မှု မှတ်တမ်းတင်ခြင်း အဆင့်ဆင့်ကိုရှင်းပြရန်


- အကြောင်းအရာနှင့် အဖြစ်အပျက်ဖြစ်ပွားခြင်း (ပြုသူ၊ ခံရသူ)
- သတင်းအချက်အလက် သွားရောက်စုံစမ်းရှာဖွေခြင်း
- သတင်းအချက်အလက်ကို မှတ်တမ်းတင်ခြင်း
- သတင်းအချက်အလက်ကို ပိုင်းခြားစိတ်ဖြာခြင်း
- သတင်းအချက်အလက်ကို လိုအပ်သလို ထုတ်ပြန်အသုံးပြုခြင်း





ဘာကြောင့် မှတ်တမ်းတင်ခြင်း အရေးကြီး

- (တိကျခိုင်လုံသော အဖြစ်အပျက်တခု အဖြစ်ပေါ်ထုတ်နိုင်စေရန်)
- သက်သေအဖြစ်သိမ်းထားရန်
- ချိုးဖောက်မှုများမှ ကျူးလွန်ခံရသူ၊ ကျူးလွန်သူတို့ကို ပြန်လည်ဖော်ထုတ်စေရန်
- ပညာပေးလုပ်ငန်းများမှတဆင့် HRV များ လျော့နည်းစေရန်အတွက် ဥပမာပေးရန်
- သမိုင်းအဖြစ် ထားရှိရန်
- ခံရသူကို ထိုက်သင့်သော ကုစားမှု ပြန်လည်ရရှိရန်
- ကျူးလွန်သူကို ထိုက်သင့်သော အပြစ်ဒဏ် ပေးနိုင်ရန်

အကြောင်းအရာနှင့် ဆက်စပ်သည့် ဗဟုသုတပေးခြင်း (Input)




မိမိတို့ ပြုလုပ်ခဲ့သော လူပ်ရှားမှုနှင့် မှတ်တမ်းတင်ခြင်း ဆက်စပ်ပုံကို ရှင်းပြရန်၊ မှတ်တမ်းတင်ခြင်း၏ လုပ်ငန်းစဉ် ဖြစ်သည့် လူတွေ့မေးမြန်းခြင်း၊ အချက်အလက်စုဆောင်းခြင်း၊ သက်သေအထောက်အထား စုဆောင်းခြင်း၊ သုတေသန လုပ်ဆန်းစစ်ခြင်း၊ သိမ်းဆည်းခြင်းနှင့် ထုတ်ပြန်ခြင်းစသည့် အဆင့်ဆင့် လုပ်ငန်းစဉ်များကို ဂိမ်းကစားရာတွင် လုပ်ဆောင်ခဲ့သော အချက်များနှင့် ဆက်စပ်ပုံကို ချိတ်ဆက်ပေးရန်။




သင်တန်းများ၏ လက်တွေ့အဖြစ်နှင့် နှိုင်းယှဉ်ဆက်စပ်ပေးခြင်း (Deepening)

ပတ်ဝန်းကျင်မှာ တခြားအဖွဲ့မှ အချက်အလက်ကောက်ခံနှင့်ပတ်သက်ပြီး တွေ့ဖူးပါသလား။ ဥပမာ ပြောကြားချက်များကို ရေးသားပါ။

၁) မီဒီယာ

၂) စီးပွားရေး

၃) ကျန်းမာရေး

၄) သန်းခေါင်စာရင်း

- အုပ်စု (၄) ခုခွဲမယ်။
- ဘာအချက်အလက်တွေကို ကောက်ခံကြပါသလဲ။
- ဘာရည်ရွယ်ချက်တွေနဲ့ အသုံးပြု ကြပါသလဲ။
- ထို အချက် ၄ ချက်များကို ဆွေးနွေးစေမယ်။
- အုပ်စု ၁ ခု မှ တချက်ချင်းစီကို တဖွဲ့ပြီး တဖွဲ့ ပြောခိုင်း။
- ဒီလိုကောက်ခံခြင်းနှင့် လူ့အခွင့်အရေး အချက်အလက်ကောက်ခံခြင်း မတူကြောင်းကို နည်းပြမှ ဖြည့်စွက် ပြောပြ။
- ဥပမာ မီဒီယာက သတင်းရရှိရန်နှင့် လူထု၏ သဘောထားကို သိရှိရန်၊ စီးပွားရေးသမားမှ သူ့၏စီးပွားရေး တိုးတက်ရန်အတွက် ကောက်ယူ၊ လူ့အခွင့်အရေးချိုးဖောက်မှုမှတ်တမ်းတင်ခြင်းက တရားမျှတမှု၊ ကျူးလွန်ခံရသည့် သူများကို ပြန်လည်ကုစားရန်အတွက်။

မည့်သို့ကဲ့သို့လုပ်ဆောင်၊ ကာကွယ်တားဆီးနိုင်သည်ကို အဖြေရှာလုပ်ဆောင်စေခြင်း (Synthesis)

- အဖွဲ့ (၄) ဖွဲ့ခွဲပြီး တဖွဲ့ခေါင်းစဉ် တခုစီ ဆွေးနွေးနိုင်သည်၊
- ခေါင်းစဉ်တစ်ခုကို (၄) ဖွဲ့စလုံး ဆွေးနွေးနိုင်သည့် တဖွဲ့လျှင် တချက်ပြောခိုင်းနိုင်သည်။
- World Café လုပ်နိုင်သည်။

၁။ လူတွေ့ မေးမြန်းရာတွင် ဘာအရည်အချင်းများ လိုမလဲ။

၂။ သက်သေပစ္စည်းများမှ ဘာကြောင့် အရေးကြီးသလဲ။

၃။ ဘာကြောင့် စနစ်တကျ လုံခြုံစွာ သိမ်းရန် လိုသလဲ။

၄။ ခိုင်လုံသည့် သတင်းဖြစ်ရန်အတွက် ဘာကြောင့် အရေးကြီးလဲ။

- အုပ်စု (၄) ခု ခွဲ။
- အုပ်စုတစ်ဖွဲ့စီအား ခေါင်းစဉ်တစ်ခုစီကို ဆွေးနွေးခိုင်းရန်။
- ဆွေးနွေးမှု အားကောင်းရန်နှင့် လူတိုင်းပါဝင်လာစေရန်အတွက် အုပ်စုတစ်ခုစီမှ လူတစ်ယောက် ကျန်ခဲ့ပြီး တခြားလူများ

အား တခြားအုပ်စုသို့ သွားရောက်ဆွေးနွေးဖြည့်စွက်ခိုင်းမည်။ အုပ်စုတွင် ကျန်ခဲ့သောသူက အသစ်ရောက်လာသော သူများအား အရင်က မိမိတို့ ဆွေးနွေးခဲ့သည်များကို ပြန်လည်ရှင်းပြသည့် နည်းလမ်းများဖြင့် ဆွေးနွေးခိုင်းမည်။

– ထို့နောက် Interview Skill သင်ချိန်တွင် အဆိုပါအချက်များအား အသေးစိတ်ထပ်မံ ဆွေးနွေးမည် ဖြစ်ကြောင်း ပြောကြားရမည်။

မှတ်တမ်းတင်ခြင်း

Tape, Soft Pens, Marker Pens, Mobile Phone, Key Chain, နာရီ၊ Color Paper, စသည်တို့ကို တစ်မိနစ်စာကြည့်စေပြီး မှတ်မိတမျှပြန်ရေးချခိုင်းပါ။

စာရွက်ချင်းလဲလည်စစ်ဆေးစေပြီး ပါသော ပစ္စည်းမှန်လျှင် တစ်မှတ်၊ အရေအတွက်ပါမှန်လျှင် သုံးမှတ်ပေးရန်။ အမှတ်အများဆုံး နှစ်ဦးအား ထိုသို့မှတ်မိအောင် မည်သို့မှတ်ခဲ့သည်ကို ပြန်လည်ဝေမျှစေသည်။

အဖွဲ့သုံးဖွဲ့ခွဲပြီး ဦးနှောက်ဖြင့် မှတ်ခြင်း၏ အားသာချက်နှင့် အားနည်းချက်၊ စာအုပ်ဖြင့် မှတ်ခြင်း၏ အားသာချက်နှင့် အားနည်းချက်၊ ကင်မရာ/ အသံဖိုင်ဖြင့် မှတ်ခြင်း၏ အားသာချက် အားနည်းချက်များကို ဆွေးနွေး။

မှတ်တမ်းတင်ခြင်း ပြုလုပ်ရန် ဘာတွေလိုအပ်သလဲ (သင်တန်းသားများနှင့်ဆွေးနွေး၊ ချရေး၊ မှတ်ချက်ပေး)


– ပစ္စည်းကိရိယာ
– ငွေကြေး
– အာရုံစူးစိုက်မှု
– ကြိုတင်ပြင်ဆင်မှု
– ခွင့်ပြုမိန့်
– ကာရာကံရှင်ကို ပူးပေါင်းပါဝင်ရန်
– ဘာသာစကား (စကားပြန်) ( P )
– ရိုးရာယဉ်ကျေးမှုကို လေ့လာရန်
– ဖြစ်ပွားခဲ့သည်ကိစ္စနှင့်ပက်သက်သည့်အကြောင်းအရာ (ဥပဒေ၊ စည်းမျဉ်း) ကို ပိုင်ပိုင်နိုင်နိုင်သိဖို့လို
– နေရာဒေသ၏ အခြေအနေ ( T )

ပြီးပြည့်စုံနိုင်လုံတဲ့ လူ့အခွင့်အရေးချိုးဖောက်မှု မှတ်တမ်းတစ်ခုဖြစ်လာဖို့ ဘာတွေ လိုအပ်လဲ
ဆွေးနွေး (ချရေး)
(ဘ ခြောက်လုံး) ကိုပါဝင်လာအောင် တခုခြင်းစီ ကိုရှင်းလင်းထည့်သွင်းပြရန်။

သက်သေခံ
လူ၊ပစ္စည်း၊နေရာ၊အဖြစ်အပျက်၊မှတ်တမ်းမှတ်ရာ၊
လူတွေ့မေးမြန်းမှတ်တမ်းတင်ခြင်း။



# အခန်း (၁၀)
# အင်တာဗျူး


ACCOUNTABILITY
TRANSITIONAL JUSTICE
ACKNOWLEDGING the harm caused
INSTITUTIONAL REFORM
UNDERSTANDING the harm from other peoples' viewpoints
ACCEPTING punishment
REPARATIVE JUSTICE
TAKING STEPS to make amends (apology, repair of harm)
CRIMINAL JUSTICE
TAKING actions to make changes so that it is unlikely to happen again
TRUTH and MEMORY

# အင်တာဗျူး
# Interview Skills

ရည်ရွယ်ချက်

- အင်တာဗျူး လုပ်ရန်ကြိုတင်ပြင်ဆင်ရမည့်အချက်များသိရှိစေရန်
- အင်တာဗျူး မည့်သူတစ်ဦး သတိပြုရမည့်အချက်များကိုသိရှိစေရန်
- အင်တာဗျူး skills လေ့ကျင့်တက်စေရန်

လုပ်ရှားမှု (Activity)

(၁) နာဖူးတွင် အမည်၊ နေရာ၊ အချိန် အမျိုးအစား (၃) မျိုးရေးပြီး၊ မိမိတူရာလူစုပါ (အုပ်စု ၃) စုဖွဲ့ရန်

(၂) Top (17) ကိုအားလုံးပြီးဖြစ်လို့ မိမိတို့မသိသေးသည့် ဝေးလံသည့် နေရာဒေသများမှာ တစ်ဖွဲ့စီသွားရောက် သတင်းယူရမှာဖြစ်သည့်အတွက် ကြိုတင်ပြင်ဆင်ရမည်။

(၃) နေရာနှင့်ပါတ်သတ်ပြီး ဘယ်လိုကြိုတင်ပြင်ဆင်မလဲ။

(၄) လိုအပ်သည့် အထောက်အကူပစ္စည်းများနှင့် ပတ်သတ်လို့ဘယ်လိုကြိုတင်ပြင်ဆင်မလဲ။

(၅) မေးခွန်းနှင့် ပတ်သက်လို့ဘာတွေပြင်ဆင်မလဲ။

(၆) အဖွဲ့လိုက်ပြန်ပြောခိုင်းပါ။

အကြောင်းအရာနှင့် ဆက်စပ်သည့် ဗဟုသုတပေးခြင်း (Input) (ခရီးပြင်ဆင်မှု)

မိမိသွားရောက်မည်နေရာက ဘယ်လိုနေရမျိုးလဲ၊ သွားလာရခက်ခဲလား၊ ဆက်သွယ်ရခက်ခဲလား ရိုးရာဓလေ့၊ ယဉ်ကျေးမှုတွေကရော ဘာတွေရှိလဲ။

- ရိုးရာဓလေ့ကို သိခြင်းအားဖြင့် ရင်းနှီးမှုကို တည်ဆောက်လို့နိုင်ရန်။
- နေရာဆက်သွယ်မှု ခက်ခဲသော်လည်း ကြိုပြင်ဆင်ထားရမည်။ ဆက်သွယ်ရေးပါ ပြင်ဆင်ထားရန်။
- မိမိသွားမည့်ဒေသက တည်ငြိမ်မှု ရှိမရှိကို သိထားခြင်းဖြင့် လုံခြုံရေးကို ကြိုတင်ပြင်ဆင်နိုင်ရန်။
- အသုံးအဆောင်၊ အထောက်အကူပစ္စည်းများ ကြိုတင်ပြင်ဆင်ရန်
- မိမိယူဆောင်မည့် ကင်မရာ၊ အသံဖမ်းစက်၊ စာအုပ်၊ ဘောပင်နှင့် အပိုပစ္စည်းများကို ကြိုတင်ပြင်ဆင်ထားရန်
- ရာသီဥတု ဒဏ်ခံနိုင်သည့် ထုတ်ပိုးမှုပစ္စည်းများကို ကြိုတင်ပြင်ဆင်ထားရန်
- လိုအပ်သော ဆေးဝါးများ၊ အဝတ်အထည်များ၊ မှတ်ပုံတင်အစရှိသည့် အထောက်အထားကဒ်များ ကြိုတင်ပြင်ဆင်ထားရန်
- မေးခွန်းများ ကြိုတင်ပြင်ဆင်ရန်
- မိမိ မေးမြန်းရမည့် အကြောင်းကို ကြိုတင်သိရှိထားခြင်းဖြင့် မေးခွန်းများကို ကြိုတင်ပြင်ဆင်ထားရမည်
- မိမိရယူလိုသည့် သတင်းအရင်းမြစ်ကိုလိုက်၍ (ဘ ၆) လုံးဖြင့် မေးရန် ဘယ်သူက၊ ဘယ်သူ့ကို၊ ဘယ်အချိန်၊ ဘယ်နေရာမှာ၊ ဘယ်လိုလုပ်လိုက်လဲ၊ ဘာဖြစ်သွားလဲစသည်ဖြင့် တဆင့်ခြင်း မေးမြန်းရန်

လုပ်ရှားမှု (Activity)

အဖွဲ့ (၃) ဖွဲ့မှ တစ်ယောက်စီအား သင်တန်းနည်းပြမှမတူညီသော Interview ပုံစံ (၃) မျိုးဖြင့် မေးပြရန်

- (၃) ဖွဲ့အား မေးရန်
- ဘယ်လိုမြင်လဲ
- မေးမြန်းသူမှာ ဘာအားနည်းချက်တွေရှိလဲ
- ဘယ်လိုမေးခွန်းတွေနှင့် မေးရင်ပိုကောင်းမလဲ
- ဘယ်လိုမေးမြန်းမှုပဲ စံက အမေးခံရသူအတွက် ဖြေဆိုဖို့ ပိုမိုအစဉ်ပြေမလဲ
- ဘယ်လိုအပြုအမူမျိုးတွေကို ရှောင်ရမလဲ

အကြောင်းအရာနှင့် ဆက်စပ်သည့် ဗဟုသုတပေးခြင်း (Input)

- မိတ်ဆက်ခြင်း (မိမိအမည်၊ အဖွဲ့အစည်းအမည်၊ မိမိ၏ လုပ်ငန်းအမည်) ကြိုတင်ပြင်မိတ်ဆက်ရန်
- ရင်းနှီးမှု၊ ယုံကြည်မှု တည်ဆောက်ရန်
- မိမိလာရောက်မေးမြန်းရခြင်းအကြောင်းကို ရှင်းပြရန်
- ခွင့်ပြုချက်တောင်းရန်
- မေးမြန်းမှုကို မေမြန်းခံရသူအနေဖြင့် ကြိုက်သည့်အချိန်တွင် ရပ်နားနိုင်ကြောင်းရှင်းပြပါ

- နွေးထွေးဖော်ရွေသော၊ ကိုယ်ချင်းစာသော အပြုအမူဖြင့် စတင်မေးမြန်းပါ။
- မေမြန်းသူများ သတိပြုရမည့် အချက်များ – မေးခွန်းပြင်ဆင်ခြင်း (အဖွင့်မေးခွန်း၊ အပိတ်မေးခွန်း၊ နောက်ဆက်တွဲမေးခွန်း
- မေးခွန်းစစခြင်း ဖြေရတာလွယ်ကူသော မှတ်မိလွယ်သော မေးခွန်းမျိုးဖြင့် စတင်ပါ ဥပမာ (အမည်ကို မေးမြန်းခြင်း) (အဖွင့်မေးခွန်)
- အပိတ်မေးခွန်းမျိုးကို အတည်ပြုရန် မေးသောအခါ၌သာ မေးပါ ဥပမာ (ခင်ဗျားကို သူရိုက်လိုက်တာ ဟုတ်လား)
- နောက်ဆက်တွဲ မေးခွန်းများကို သုံးပါ ဥပမာ (ခင်ဗျားအဲ့ဒီလိုဖြစ်ပြီး ဘာဆက်ဖြစ်သေးလဲဗျ)
- Interview အဆုံးသတ်ခါနီးတွင် မိမိမေးမြန်း မှတ်သားချက်များအား ပြန်စစ်ဆေးပါ။ လိုအပ်ချက်များ ပြန်မေးပါ။
- အမေးခံရသူအား ဘာတွေ ထပ်ပြောချင်သေးလဲ ပြောခွင့်ပေးပါ
- မိမိ၏ မေးမြန်းရခြင်းအကြောင်းကို ထပ်ရှင်းပြပါ။ ခွင့်တောင်းပါ
- နောက်ထပ်လိုအပ်ပါက ဆက်သွယ်ရန် လိပ်စာ အပြန်အလှန်ဖလှယ်ပါ
- ကျေးဇူးတင်စကားပြောပါ

## သင်တန်းများ၏ လက်တွေ့အဖြစ်နှင့် နှိုင်းယှဉ်ဆက်စပ်ပေးခြင်း (Deepening)

လေမှန်တိုင်းတိုက်၊ အဖွဲ့ (၄) ခွဲ၊ ကူညီမည်သူ (၁) ဦးအား ဇာတ်လမ်းပေးထားရန် သင်တန်းသားများကို လူ့အခွင့်အရေး ချိုးဖောက်ခံထားရသူတဦးကို ဖိတ်ခေါ်ထားပြီး ထိုသူကို သတင်းများမေးရမည်ဖြစ် ကြောင်းပြောပါ။ အဖွဲ့လိုက်မေးမည့် မေးခွန်းများကို ပြင်ထားရန် မေးမြန်းမည့်သူတစ်ဦးက ရွေးထားရန်ပြောပါ။

- အဖွဲ့ (၄) မှ (၁) ဦးစီရွေးပြီး မေးမြန်းစေရန်၊ ကျန်အဖွဲ့ဝင်များမှ ကူညီရန်
- အဖွဲ့ (၁) မေးမြန်းသည့် ပုံစံအား အဖွဲ့ (၂) မှ အားသာချက်အားနည်းချက်များ ပြောပေးရန်
- အဖွဲ့ (၂) အား အဖွဲ့ (၃) မှ အဖွဲ့ (၃) အား အဖွဲ့ (၄) မှ၊ အဖွဲ့ (၄) အား အဖွဲ့ (၁) မှ ပြောပြရန်

ထိုသူမေးသောမေးခွန်းများကို ဘယ်လိုယူဆပါလဲ၊ ထိုမေးသူ၏အပြုအမူကို ဘယ်လို အကြံပေးချင်ပါသလဲ၊


## အကြောင်းအရာနှင့် ဆက်စပ်သည့် ဗဟုသုတပေးခြင်း (Input)

- အထူးသတိပြုရမည့် သူများအား မေးမြန်းခြင်း (အမျိုးသမီး၊ ကလေး)
- မေးမြန်းမှုအတွက် နေရာကြိုတင်ပြင်ဆင်ခြင်း
- ကလေးများအားမေးမြန်းရာတွင် ကလေးအနီးတွင် မိဘ (သို့) အုပ်ထိမ်းသူတစ်ယောက်ပါရမည်
- ကလေးသက်တောင့်သက်သာနေဖြစ်သော နေရာနှင့် ပတ်ဝန်းကျင်ဖြစ်ရန်
- အမျိုးသမီးများကို မေးပါက အမျိုးသမီးခြင်း မေးလျှင်ပိုကောင်းနိုင်သည်
- စိတ်ပိုင်းဆိုင်ရာ ထိခိုက်သူများကို သတိပြု၍မေးရမည်။

## မည့်ကဲ့သို့လုပ်ဆောင်၊ ကာကွယ်တားဆီးနိုင်သည်ကို အဖြေရှာလုပ်ဆောင်စေခြင်း (Synthesis)

- အချက်အလက်စုဆောင်းခြင်းနှင့် အင်တာဗျူးခြင်းဆိုင်ရာများ ဒီနေ့သင်ကြားမှုတွင် ဘာသင်ခန်းစာ ရလိုက်သလဲ။

# အခန်း (၁၁)
# မှတ်တမ်းကောက်ယူခြင်း
# Top (17) Lists


LEGITIMACY
ECONOMIC CRISIS
PEOPLE POWER MOVEMENT
INTERNATIONAL SANCTIONS
POWER STRUGGLE within JUNTA
PRAGMATIC LEADERS
OVERTHROW
REFORM
REPLACEMENT
COMPROMISE
Bottom-up change
Top-down change
bargaining

# မှတ်တမ်းကောက်ယူခြင်း
# Documentation-2
# Top (17) Lists

ရည်ရွယ်ချက်

- ND-B သတ်မှတ်ထားတဲ့ Top 17 Lists ရဲ့ အဓိပ္ပါယ်များကို သိရှိရန်။
- ND-B သတ်မှတ်ထားတဲ့ Top 17 Lists ကို ကောက်ခံရာတွင် တိကျမှန်ကန်သော အချက်တွေပါအောင် ကောက်ခံရမည်ကို သိရှိရန်။

လှုပ်ရှားမှု (Activity)

Top (17) Lists အား နှစ်ဖွဲ့ခွဲ၍ စာနှင့်ပုံများ ခွဲပေးထားပြီး သင်တန်းသားများအား တစ်ယောက်တစ်ရွက်စီ ပေးပြီး မိမိတွင် စာရပါက စာနှင့်တွဲရန် ကိုက်ညီသော ပုံကို လိုက်ရှာစေမည်။ မိမိတွင် ပုံရပါက ပုံနှင့်တွဲ ကိုက်ညီသော စာများကို လိုက်ရှာစေမည်။

အပြန်အလှန်ဆွေးနွေးခြင်း (Discussion)

စာနှင့် ပုံတွဲရှာခြင်း ပြီးဆုံးပါက ကိုယ်ရရှိသော စာနှင့်ပုံအား နှစ်ယောက်တတွဲကာ သင်တန်းသူသားများ ရှေ့တွင် သင်တန်းသားများ ကိုယ်တိုင် နားလည်သလို ပြန်လည် ဖတ်ပြ၊ တင်ပြမည်။

အကြောင်းအရာနှင့် ဆက်စပ်သည့် ဗဟုသုတပေးခြင်း (Input)

- လူ့အခွင့်အရေး အချက် (၃၀) ထဲမှ ဘာကြောင့် Top (17) Lists ကို ရွေးချယ် ထုတ်နုတ်ထားကြောင်း ပြောပြမည်။
- Top (17) Lists အချက်တွေကို မိတ်ဆက်ဆွေးနွေးပေးမည်။
- Top (17) Lists ခေါင်းစဉ်တိုင်းအား
- အဓိပ္ပါယ်ဖွင့်ဆိုချက်ကို ပထမဦးဆုံး သင်တန်းသားများ၏ နားလည်မှု၊ ဗဟုသုတ အတွေ့အကြုံများနှင့်အတူ နားလည်စေရန် အတူတကွ ပူးပေါင်းဖော်ထုတ်မည်။
- နိုင်ငံတကာ ဥပဒေများ မည်သို့ မည်ပုံ ပြဋ္ဌာန်းထားသည်၊ ကာကွယ်ထားသည်၊ သတ်မှတ်ထားသည်၊ ထားရှိထားသည် များကို သင်တန်းဆရာမှ ဆွေးနွေးတင်ပြစေမည်။
- ထိုနောက် လုပ်ရပ်မြောက်သော အင်္ဂါရပ်များနှင့် စုဆောင်းရန် လိုအပ်သော အချက်အလက်များကို မည်သို့မည်ပုံ လုပ်ဆောင်ကောက်ခံမည်ကို နောက်ဆုံးတွင် ရှင်းလင်းဖလှယ်မည်။

## ကလေးစစ်သား

လှုပ်ရှားမှု Act အကြောင်းအရာနှင့် ဆက်စပ်သည့် ဗဟုသုတပေးခြင်း (Input)

- (စစ်ဖိနပ်လောက် မလေးတဲ့ ခဲတံ) သီချင်းဖြင့် ပြသခြင်း

အပြန်အလှန်ဆွေးနွေးခြင်း (Discussion)

- ဘာအကြောင်းတွေပါလဲ။
- ဘယ်လို ခံစားရလဲ။
- ဘယ်လိုမျိုး စစ်တပ်ထဲရောက်သွားလဲ။
- စစ်တပ်ထဲမှာ ဘာတွေ လုပ်ရလဲ။

အကြောင်းအရာနှင့် ဆက်စပ်သည့် ဗဟုသုတပေးခြင်း (Input)

| အဓိပ္ပါယ် | နိုင်ငံတကာဥပဒေ | လုပ်ရပ်မြောက်သော အင်္ဂါရပ်များနှင့် စုဆောင်းရင် ဘယ်အချက်တွေ ရနိုင်မလဲ |
|---|---|---|
| တပ်သားအဖြစ် စုဆောင်းခြင်း (သို့) စစ်တပ်အတွင်းတာဝန် ထမ်းဆောင်ရခြင်း<br><br>အသက် ၁၈ နှစ်အောက်ဖြစ်ခြင်း<br><br>တပ်မတော် လက်နက်ကိုင်အဖွဲ့ တစ်ဖွဲ့ (သို့) စစ်ပွဲများတွင် ပါဝင်စေမှု | ကလေးအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် အပိုဒ် ၃၈ CRC<br><br>အသက် ၁၈ နှစ် အောက် ကလေးများအား လက်နက်ကိုင်ပဋိပက္ခများတွင် စစ်မှုထမ်းရန် စစ်ပွဲတွင် ပါဝင်ရန်အသုံး ပြုခြင်း မရှိစေရ။ – ILO | |

သင်တန်းများ၏ လက်တွေ့အဖြစ်နှင့် နှိုင်းယှဉ်ဆက်စပ်ပေးခြင်း (Deepening)

- မိမိဒေသမှာ ကလေးစစ်သားနှင့် ပတ်သက်ပြီး ယခင်က ကြားဖူးဘူးလား။
- သူတို့တွေကော စစ်တပ်ထဲမှာ ဘယ်လိုပုံစံနှင့် ရောက်သွားကြတာလဲ။
- စစ်တပ်ထဲမှာ ရောက်သွားသည့် ကလေးများ အနာဂတ် ဘယ်လိုဖြစ်သွားနိုင်လဲ။ (နောက်ဆက်တွဲ ဆိုးကျိုးများ)
- ၁၊ ၂၊ ၃၊ ဖြင့် အုပ်စုခွဲပြီး ဆွေးနွေးခိုင်းခြင်း၊ အုပ်စုလိုက် ပြန်လည်တင်ပြခိုင်းခြင်း။
- ဦးဆောင်ဆွေးနွေးသူမှ တင်ပြမှုအပေါ်ကို ပြန်လည်တင်ပြခိုင်းခြင်း။

## မုဒိမ်းပြုကျင့်ခြင်းနှင့် (၅) လိင်ပိုင်းဆိုင်ရာ စော်ကားခြင်း

၄) **မုဒိမ်းပြုကျင့်ခြင်းနှင့် (၅) လိင်ပိုင်းဆိုင်ရာစော်ကားခြင်း** ကို (ဆွေးနွေးရှင်းပြမှု ပြုလုပ်ပါမည်)
သင်တန်းသားများအား သတ်ဖြတ်ခြင်းနှင့် ပတ်သက်သော မေးခွန်းဖြင့် ဆွေးနွေးမေးမြန်းမည်။

(၁) မုဒိမ်းပြုကျင့်ခြင်းနှင့် လိင်ပိုင်းဆိုင်ရာ စော်ကားခြင်း ဆိုသည်မှာ အဘယ်နည်း
(၂) မုဒိမ်းပြုကျင့်ခြင်းနှင့် လိင်ပိုင်းဆိုင်ရာ စော်ကားခြင်းတွင် မည်သူတွေ ပါဝင်သနည်း
(၃) ဘယ်လို အတွေ့အကြုံများရှိခဲ့သနည်း။
(၄) မုဒိမ်းပြုကျင့်ခြင်းနှင့် လိင်ပိုင်းဆိုင်ရာ စော်ကားခြင်း အမျိုးအစား ဘယ်နှမျိုးရှိသနည်း

အကြောင်းအရာနှင့် ဆက်စပ်သည့် ဗဟုသုတပေးခြင်း (Input)
မုဒိမ်းပြုကျင့်ခြင်း အဓိပ္ပါယ်ဖွင့်ဆိုချက်

- လိင်မှုသဘောသဘာဝ အရ ရုပ်ပိုင်းဆိုင်ရာ ကျူးကျော်ခံရခြင်း
- နိုင်ထက်စီးနင်းပြုခြင်း (သို့) ကာယကံရှင်၏ သဘောဆန္ဒမပါခြင်း
- အစိုးရ၏ လုပ်ဆောင်ချက်
- မုဒိမ်းမှုမြောက်ခြင်းနှင့် မမြောက်ခြင်း

လိင်ပိုင်းဆိုင်ရာ စော်ကားခြင်း အဓိပ္ပါယ်ဖွင့်ဆိုချက်

- လိင်မှုသဘော အရ ဆောင်ရွက်မှု
- နိုင်ထက်စီးနင်းပြုမှု (သို့) ကာယကံရှင်၏ သဘောဆန္ဒမပါရှိခြင်း
- အစိုးရ၏ လုပ်ဆောင်ချက်

| အဓိပ္ပါယ် | နိုင်ငံတကာဥပဒေ | လုပ်ရပ်မြောက်သော အင်္ဂါရပ်များနှင့် စုဆောင်းရင် ဘယ်အချက်တွေ ရနိုင်မလဲ |
|---|---|---|
| – ရုပ်ပိုင်းဆိုင်ရာ ကျူးကျော်ခံရခြင်းတွင် လိင်အင်္ဂါပေါက်ဝများ၊ စအို၊ ပါးစပ်အတွင်းသို့ ထိုးသွင်းခြင်းများ ပါဝင်သည်။ | – ဂျီနီဗာနိုင်ငံတကာ သဘောတူညီချက် ကွန်ဗင်းရှင်း<br><br>– အပြည်ပြည်ဆိုင်ရာရာဇဝတ်မှုခုံရုံး | |

အကြောင်းအရာနှင့် ဆက်စပ်သည့် ဗဟုသုတပေးခြင်း (Input)

## ပြည့်တန်ဆာလုပ်ငန်း (သို့) အဓမ္မသွပ်သွင်းခြင်း

| အဓိပ္ပါယ် | နိုင်ငံတကာဥပဒေ | လုပ်ရပ်မြောက်သော အင်္ဂါရပ်များနှင့် စုဆောင်းရင် ဘယ်အချက်တွေ ရနိုင်မလဲ |
|---|---|---|
| လိင်ပိုင်းဆိုင်ရာ လုပ်ဆောင်မှု တစ်ခုခု လုပ်ဆောင်ခြင်း<br><br>နိုင်ထက်စီးနင်းပြုခြင်း (သို့) ကာယကံရှင်၏ သဘောမပါရှိခြင်းငွေကြေး (သို့) တစုံတရာပေးခြင်း<br><br>အစိုးရ၏ လုပ်ဆောင်ချက် | အမျိုးများအပေါ် နည်းမျိုးစုံဖြင့်ဖိနှိပ်ခွဲခြားမှု အားလုံး ပပျောက်ရေးသဘောတူစာချုပ်ထဲတွင် အပိုဒ် (၆) အမျိုးသမီးများအား ပြည့်တန်ဆာအဖြစ် စေခိုင်းခြင်းအားနှိမ်နင်းရန်ထဲတွင် အမျိုးသမီးများအားကူးသန်းရောင်းဝယ်ခြင်းနှင့် ပြည့်တန်ဆာအဖြစ် အသုံးချ အမြတ်ထုတ်မှု ပပျောက်ရေးအတွက် စာချုပ်အဖွဲ့ဝင်နိုင်ငံများက အဓိက အကြောင်းရင်းများကို ဖော်ထုတ်ဆောင်ရွက်ရန် ဆိုသည်။ | |

## မလျော်မကန် ပြုမူဆက်ဆံခြင်း

၇) **မလျော်မကန် ပြုမူဆက်ဆံခြင်း** ကို (Discussion ဖြင့်သွားမည်)

အကြောင်းအရာနှင့် ဆက်စပ်သည့် ဗဟုသုတပေးခြင်း (Input)

| အဓိပ္ပါယ် | နိုင်ငံတကာဥပဒေ/ ပြည်တွင်းဥပဒေ | လုပ်ရပ်မြောက်သော အင်္ဂါရပ်များနှင့် စုဆောင်းရင် ဘယ်အချက်တွေ ရနိုင်မလဲ |
|---|---|---|
| ရုပ်ပိုင်းဆိုင်ရာအရ သော်လည်းကောင်း၊ စိတ်ပိုင်းဆိုင်ရာအရ သော်လည်ကောင်း အလွန်ပြင်းထန်စွာ နာကျင်ခံစားစေခြင်း။<br><br>ရည်ရွယ်ချက်ခြင့် အနာတရ ဖြစ်စေခြင်း<br><br>အစိုးရ၏ လုပ်ဆောင်ချက် | နိုင်ငံတကာ ဥပဒေတွင် နှိပ်စက်ညှဉ်းပမ်းမှုဆိုင်ရာ သဘောတူညီမှု စာချုပ်<br><br>CEDAW အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားထားမှု အားလုံးပပျောက်ရေးသဘောတူညီစာချုပ် | |

## အတင်းအဓမ္မ လက်ထပ်စေခိုင်းခြင်း

၈) **အတင်းအဓမ္မ လက်ထပ်စေခိုင်းခြင်း** ကို (Case Study နှင့် ဓါတ်ပုံပြမည်)

အပြန်အလှန်ဆွေးနွေးခြင်း (Discussion)

- ဓါတ်ပုံများ ပြ၍ အပြီးတွင် မေးခွန်းမေးမြန်း ဆွေးနွေးနိုင်သည်။
- ဘာပုံလဲ – ဘာဆွေးနွေးမှုလဲ
- ဘယ်လိုခံစားရလဲ
- Case Study ထဲ တွင် မည်သူတွေ ပါဝင်သနည်း
- လက်တွေ့ဘဝယဉ်ကျေးမှုနှင့် မည်သို့ဆက်စပ်သနည်း
- ဘယ်လိုအတွေ့အကြုံရှိခဲ့သနည်း

အကြောင်းအရာနှင့် ဆက်စပ်သည့် ဗဟုသုတပေးခြင်း (Input)

| အဓိပ္ပါယ် | နိုင်ငံတကာဥပဒေ | လုပ်ရပ်မြောက်သော အင်္ဂါရပ်များနှင့် စုဆောင်းရင် ဘယ်အချက်တွေ ရနိုင်မလဲ |
|---|---|---|
| – နှစ်ဦးနှစ်ဖက် တရားမဝင် ပေါင်းဖက်စေခြင်း<br><br>– နိုင်ထက်စီးနင်းပြုခြင်း (သို့)အနည်းဆုံး တစ်ဦးဦး၏ ဆန္ဒမပါရှိခြင်း<br><br>– အစိုးရ၏ လုပ်ဆောင်ချက် | ICCPR အပိုဒ် ၂၃ တွင် အရွယ်ရောက်ပြီး သော ကျားမတိုင်း ဆန္ဒဖြင့်လက်ထပ်ထိမ်းမြားခွင့် လက်ထပ်ထိမ်းမြားကွာရှင်းချိန်တွင် ကျားမအခွင့်အရေးတန်းတူရရှိခွင့် | |

သင်တန်းများ၏ လက်တွေ့အဖြစ်နှင့် နှီးငယှဉ်ဆက်စပ်ပေးခြင်း (Deepening)

- မိမိပတ်ဝန်းကျင်တွင် မည်သည့်အဖွဲ့အစည်းနှင့် အစိုးရက မည်သို့လုပ်ဆောင်နေသည်၊ အောင်မြင်ကျရှုံးမှု များရှိနေသည်။
- လက်ရှိတွင် မည်သည့် ဥပဒေများဖြင့် ကာကွယ်ထားသည်။ လူမှုအဖွဲ့အစည်းအသိုင်းအဝိုင်းသည် မည်သို့လက်ခံထားသည်။
- အဓမ္မအလုပ်စေခိုင်းခြင်းအတွက် ILO မှဖြစ်စေ တခြားသော ချိုးဖောက်မှုများကို နိုင်ငံတကာဥပဒေများဖြင့် ကာကွယ်မြှင့်တင်ထားမှုများ ရှိနေသည်။

မည်သို့ကဲ့သို့လုပ်ဆောင်၊ ကာကွယ်တားဆီးနိုင်သည်ကို အဖြေရှာလုပ်ဆောင်စေခြင်း (Synthesis)
ချိုးဖောက်မှုမြောက်ခြင်း၏ အဓိပ္ပါယ်ဖွင့်ဆိုချက်ကို နားလည်စေပြီး အချက်အလက်များကို မှန်ကန်စနစ်ကျစွာ ကောက်ခံတတ်စေမည့် အပြင် နိုင်ငံတကာ ဥပဒေအပြင် နိုင်ငံတွင်းဥပဒေ ပြဌာန်းကာကွယ်ထားမှုကို ပိုမိုထိရောက်စေရန် ထောက်ပံ့အားပြုစေခြင်း။

အကြောင်းအရာတိုင်းတွင် အဖြစ်အပျက်များစွာရှိသည်။ ၎င်းအချက်များကို သိရှိသွားသောအခါ မည်သည့်အချက်များသည် ချိုးဖောက်မှုမြောက်သလဲဆိုသည်ကို သိရှိပြီးသည်နှင့် တပြိုင်နက်တည်း အချက်အလက်များကို စုဆောင်းပြီး တိကျမှန်ကန်သော အချက်များကို ကောက်ယူတတ်စေရန်။

## လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် လွတ်လပ်စွာစုဝေးခွင့်တို့ကို တားဆီးပိတ်ပင်ခြင်း

လှုပ်ရှားမှု Activity

- ၂၀၀၇ ရွှေဝါရောင် တော်လှန်ရေး ဗွီဒီယို ပြသခြင်း

အပြန်အလှန်ဆွေးနွေးခြင်း (Discussion)

- ဘာအကြောင်းတွေပါလဲ။
- ဘယ်လို ခံစားရလဲ။
- ဘယ်သူတွေက ခံနေရလဲ။
- ဘယ်သူတွေက ကျူးလွန်လဲ။
- ဘယ်လို ဖြစ်ပျက်နေကြတာလဲ။

အကြောင်းအရာနှင့် ဆက်စပ်သည့် ဗဟုသုတပေးခြင်း (Input)

| အဓိပ္ပာယ် | ပြည်တွင်း ဥပဒေ | နိုင်ငံတကာ ဥပဒေ |
|---|---|---|
| လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် လွတ်လပ်စွာ စုဝေးခွင့်တို့ကို ထိပါးနှောက်ယှက်ခြင်း<br><br>တရားဥပဒေမဲ့ လုပ်ဆောင်ခြင်း<br><br>အစိုးရ၏ လုပ်ဆောင်ချက် | ပုဒ်မ ၃၅၄ နိုင်ငံသားတိုင်းသည် နိုင်ငံတော် လုံခြုံရေးတရားဥပဒေ စိုးမိုးရေး၊<br><br>ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်မဆန့်ကျင်လျှင် အောက်ပါအခွင့်အရေးများကို လွတ်လပ်စွာ သုံးစွဲဆောင်ရွက်ခွင့်ရှိသည်။ | ICCPR အပိုဒ် ၁၉ တွင် လူတိုင်း လွတ်လပ်စွာ စဉ်းစားထုတ်ဖော်ပြောဆိုခွင့် ရှိသည်။ |

သင်တန်းများ၏ လက်တွေ့အဖြစ်နှင့် နှိုင်းယှဉ်ဆက်စပ်ပေးခြင်း (Deepening)

- မိမိပတ်ဝန်းကျင်မှာ ဒီလိုအဖြစ်အပျက်မျိုး ရှိလား။
- ဘယ်လို ပုံစံမျိုးရှိလဲ။
- နောက်ဆက်တွဲ ဘာတွေ ဖြစ်သွားလဲ။ အုပ်စုကြီးမှ ၄-၅ ဦးကို သူတို့အမြင် ပြောပြခိုင်းခြင်း။
- ဦးဆောင်ဆွေးနွေးသူမှ ပြန်လည်အနှစ်ချုပ်ပေးခြင်း။

အကြောင်းအရာနှင့် ဆက်စပ်သည့် ဗဟုသုတပေးခြင်း (Input)

## လွတ်လပ်စွာ လှုပ်ရှားသွားလာခွင့်ကို တားဆီးပိတ်ပင်ခြင်း

| အဓိပ္ပါယ် | ပြည်တွင်း ဥပဒေ | နိုင်ငံတကာ ဥပဒေ |
|---|---|---|
| လွတ်လပ်စွာ လှုပ်ရှားသွားလာခွင့်ကို ထိပါး နှောက်ယှက်ခြင်း<br><br>တရားဥပဒေမဲ့ လုပ်ဆောင်ခြင်း<br><br>အစိုးရ၏ လုပ်ဆောင်ချက် | ပိုဒ်မ (၃၅၅) နိုင်ငံသားတိုင်းသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အတွင်း မည်သည့်အရပ် ဒေသတွင် မဆို ဥပဒေနှင့်အညီ အခြေစိုက်နေထိုင်ခွင့် ရှိသည်။ | – နိုင်ငံသားနှင့်နိုင်ငံရေး အခွင့်ရေးဆိုင်ရာ သဘောတူစာချုပ် အပိုဒ် (၁၂) တွင် လူတိုင်း မိမိနိုင်ငံအတွင်း လှုပ်ရှားသွားလာခွင့်နှင့် တိုင်းပြည်သို့ ဝင်ထွက်ခွင့်ရှိသည်။<br><br>– UDHR အပိုဒ် (၁၃)<br><br>– ကုလမဂ္ဂ ဒုက္ခသည်များ အဆင့်တန်းဆိုင်ရာ နိုင်ငံတကာသဘော တူညီစာချုပ် |

အကြောင်းအရာနှင့် ဆက်စပ်သည့် ဗဟုသုတပေးခြင်း (Input)

## အကြောင်းမဲ့ မတရားဖမ်းဆီးခြင်းနှင့် ထိန်းသိမ်းချုပ်နှောင်ထားခြင်း

| အဓိပ္ပါယ် | ပြည်တွင်း ဥပဒေ | နိုင်ငံတကာ ဥပဒေ |
|---|---|---|
| – တစ်စုံတစ်ယောက်အား ဖမ်းဆီးခြင်း (သို့) ချုပ်နှောင်ခြင်း<br><br>– တရားဥပဒေမဲ့ လုပ်ဆောင်ခြင်း<br><br>– ပုဂ္ဂိုလ်ရေး လွတ်လပ်ခွင့်ကိုထိခိုက်ခြင်း<br><br>– အစိုးရ၏ လုပ်ဆောင်ချက် | ပိုဒ်မ (၃၇၆) နိုင်ငံတော် လုံခြုံရေးတရားဥပဒေစိုးမိုးရေး အများပြည်သူ အေးချမ်းသာယာရေးနှင့် အများပြည်သူအကျိုးငှာ ဥပဒေနှင့်အညီကြိုတင် ကာကွယ်ထားရှိရန် လိုအပ်သောကိစ္စ (သို့) တည်ဆဲ ဥပဒေ တစ်ရပ်ရပ်အရ ခွင့်ပြုသည့် ကိစ္စမှတပါး စီရင်ပိုင်ခွင့်ရှိသော တရားသူကြီး၏ ချုပ်မိန့်မရှိဘဲ မည်သူ့ကိုမျှ ၂၄ နာရီထက်ပို၍ ချုပ်နှောင်ခြင်း မပြုရ။ | – UDHR (၉)<br><br>– လူမှုအခွင့်အရေးနှင့် နိုင်ငံရေးခွင့်ရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူညီချက် |

## အတင်းအဓမ္မ ရွှေ့ပြောင်းခံရခြင်း

လှုပ်ရှားမှု (Activity)

- Video (ကမ္ဘောဒီးယားနိုင်ငံ)

အပြန်အလှန်ဆွေးနွေးခြင်း (Discussion)

- ဘာအကြောင်းတွေပါလဲ။
- ဘယ်လို ခံစားရလဲ။
- ဘာတွေ ဖြစ်ပျက်နေကြတာလဲ။

– ဘယ်သူတွေခံရလဲ။ ဘယ်လိုခံရလဲ။
– ဘယ်သူတွေက လာဖျက်ဆီးကြလဲ။
– ခံရသူတွေရဲ့ အနာဂတ် အကျိုးဆက် ဘယ်လိုဖြစ်လာနိုင်မလဲ။

အကြောင်းအရာနှင့် ဆက်စပ်သည့် ဗဟုသုတပေးခြင်း (Input)

| အဓိပ္ပါယ် | ပြည်တွင်း ဥပဒေ | နိုင်ငံတကာ ဥပဒေ |
|---|---|---|
| – တစ်စုံတစ်ယောက်အား ၎င်း၏အိမ် (သို့) မြေနေရာမှ ဖယ်ရှားခံရခြင်း<br><br>– အကြောင်းမဲ့ အတင်းအကျပ် ဖယ်ရှားခြင်း<br><br>– နိုင်ထက်စီးနင်းပြုခြင်း(သို့) ကာယကံရှင်၏ သဘောဆန္ဒမပါရှိခြင်း<br><br>– အစိုးရ၏ လုပ်ဆောင်ချက် | ၂၀၀၈ ဖွဲ့စည်းပုံ ပုဒ်မ ၃၅၆ နိုင်ငံတော်သည် နိုင်ငံသားများ၏ တရားဝင်ရရှိပိုင်ဆိုင်ထားသော ရွှေ့ပြောင်းနိုင်သောပစ္စည်း မရွှေ့ပြောင်းနိုင်သော ပစ္စည်းများနှင့် စပ်လျဉ်း၍ ဥပဒေကာကွယ် ပေးရမည်။ | |

သင်တန်းများ၏ လက်တွေ့အဖြစ်နှင့် နှိုင်းယှဉ်ဆက်စပ်ပေးခြင်း (Deepening)

– မိမိဒေသမှာ ရွှေ့ပြောင်းခံရတာ ကြားဘူးလား။
– ဘယ်လို ပုံစံနှင့် ပြောင်းသွားခံရပါလဲ။ ဘယ်ကိုပြောင်းသွားရလဲ။
– လျော်ကြေးတွေ–နစ်နာကြေးတွေ ရလား။
– သူတို့၏ အနာဂတ် ဘယ်လို ဖြစ်လာကြလဲ။
– ဦးဆောင်ဆွေးနွေးသူမှ အကြောင်းအရာကို ပြန်လည်ဖြည့်စွက်ပြီး အနှစ်ချုပ်ပေးခြင်း။

အကြောင်းအရာနှင့် ဆက်စပ်သည့် ဗဟုသုတပေးခြင်း (Input)

## အတင်းအဓမ္မ လုပ်အားစေခိုင်းခြင်း

| အဓိပ္ပါယ် | ပြည်တွင်း ဥပဒေ | နိုင်ငံတကာ ဥပဒေ |
|---|---|---|
| – လုပ်အား (သို့) ဝန်ဆောင်မှုကိုရယူခြင်း<br><br>– ကာယကံရှင်၏ ဆန္ဒမပါပဲ အတင်းအဓမ္မ ထုတ်ယူခြင်း<br><br>– အပြစ်ပေးဒဏ်ခတ်ခံရမည်ဟု ခြိမ်းခြောက်ခြင်း<br><br>– အစိုးရ၏ လုပ်ဆောင်ချက် | ပုဒ်မ ၃၅၈ နိုင်ငံတော်သည် ကျေးကျွန်ပြုမှုနှင့် လူကုန်ကူးမှုများကို တားမြစ်သည်။<br><br>ပုဒ်မ ၃၅၉ နိုင်ငံတော်သည် ဥပဒေကျူးလွန်၍ ပြစ်ဒဏ်ပေးခြင်းကို ခံရသဖြင့် အလုပ်ဒဏ် ထမ်းဆောင်ခိုင်းခြင်းနှင့် အများ ပြည်သူအကျိုးအတွက် ဆောင်ရွက်ရန် နိုင်ငံတော်က ဥပဒေနှင့်အညီ တာဝန် စေခိုင်းခြင်းမှတပါး အဓမ္မခိုင်းစေခြင်းကို တားမြစ်သည်။<br><br>အပိုဒ်၂၇ တွင် ရပ်ကြေးဥပဒေတွင် မည်သူမဆို ပုဂ္ဂိုလ်တဦးတစ်ယောက်ထံမှ ထိုသူ၏ ဆန္ဒအ လျောက် ကမ်းလှမ်းခြင်းမဟုတ်ဘဲ အကျိုးစီးပွား ထိခိုက်စေမည်ဟု ခြိမ်းခြောက်ခြင်း သို့မဟုတ် အပြစ် ပေးမည်ဟု ခြိမ်းခြောက်ခြင်း။ ထိုသူ၏ လုပ်အား သို့မဟုတ် ဝန်ဆောင်မှုကို အဓမ္မရယူခိုင်းစေမှုပြုလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ တစ်သိန်းထက် မပိုသော ဒဏ်ငွေဖြစ်စေ ၂ ရပ်လုံးကို ဖြစ်ဖြစ် ချမှတ်နိုင်သည်။ | ICCPR နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေး၊ နိုင်ငံသားနှင့်နိုင်ငံရေး ဆိုင်ရာစာချုပ်။ |

## လူကုန်ကူးမှု

| အဓိပ္ပာယ် | ပြည်တွင်း ဥပဒေ | နိုင်ငံတကာ ဥပဒေ |
| --- | --- | --- |
| – လူတစ်ဦး (သို့) လူအများကိုရောင်းဝယ်ခြင်း<br><br>– နိုင်ထက်စီးနင်းပြုခြင်း (သို့) ကာယကံရှင်၏ သဘော ဆန္ဒမပါရှိခြင်း<br><br>– ခေါင်းပုံဖြတ် အမြတ်ထုတ်လိုသည့် ရည်ရွယ်ချက်ရှိခြင်း<br><br>– အစိုးရ၏ လုပ်ဆောင်ချက် | နိုင်ငံတော်သည်ကျေးကျွန်ပြုခြင်းနှင့် လူကုန်ကူးခြင်းကို တားမြစ်သည်။ | – ကုလသမဂ္ဂ လူ့အခွင့်အရေး ကြေညာစာတမ်း<br><br>– ကုလသမဂ္ဂကလေးများ အခွင့်အရေး အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်<br><br>– ကုလသမဂ္ဂ အမျိုးသမီးများကို နည်းပေါင်းစုံဖြင့် ခွဲခြားဖိနှိပ် ဆက်ဆံနေမှုများ အဆုံးသတ်စေရေး အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် |

## မတရား အခွန်ကောက်ခံခြင်း

| အဓိပ္ပါယ် | ပြည်တွင်း ဥပဒေ | နိုင်ငံတကာ ဥပဒေ |
| --- | --- | --- |
| နိုင်ငံသား တစ်ယောက်သည် ဥပဒေနှင့် အညီ ပေးသင့်ပေးထိုက်သော ဝင်ငွေခွန် အမြတ်ခွန် စည်းကြပ်ခွန်များ<br><br>သို့သော် ဥပဒေနှင့် မညီသော အခွန်ကောက်ခံမှု မရှိစေရ။ အဝမ္ဂ အခွန်ကောက်ခံမှု နိုင်ငံသားတိုင်းသည် အခွန်ပေး ဆောင်ရမည်။ | ၃၈၉ အခန်း (၈) တွင်နိုင်ငံသားတိုင်းသည် ဥပဒေအရပေးဆောင်ရမည့် အခွန်အကောက်များကို ပေးဆောင်ရန် တာဝန်ရှိသည်။ | |